မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၅၁ ] ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက် ( ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၇/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

**ငြိမ်းချမ်းရေးကော်မရှင်၊ အကြံပေးအဖွဲ့ခေါင်းဆောင်အဖြစ်မှ ရပ်နားခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်စွဲပါ အမိန့်အမှတ် ၅၁/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သည့် "ငြိမ်းချမ်းရေးကော်မရှင်" တွင် လိုအပ်သောအကြံဉာဏ်များ ပေးနိုင်ရန်အတွက် အကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင်အဖြစ် ခန့်အပ်ထားသော ဦးအောင်ကြည် (ပြည်ထောင်စုဝန်ကြီး၊ အငြိမ်းစား) အား ယင်းတာဝန်မှ ရပ်နားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၈/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်)

**ငြိမ်းချမ်းရေးကော်မရှင်၊ ပြင်ပအကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်ခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်စွဲပါ အမိန့်အမှတ် ၅၁/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သည့် "ငြိမ်းချမ်းရေးကော်မရှင်" တွင် လိုအပ်သောအကြံဉာဏ်များ ပေးနိုင်ရန်အတွက် ဦးအောင်ကြည် (ပြည်ထောင်စုဝန်ကြီး၊ အငြိမ်းစား) အား ပြင်ပအကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်လိုက်သည်။

၂။ ပြင်ပအကြံပေးပုဂ္ဂိုလ်သည် နိုင်ငံတော်က ချီးမြှင့်သော လစာ၊ စရိတ်နှင့် အဆောင်အယောင်များ ခံစားခွင့်မရှိစေရ။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၉/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်

(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

**ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးသောင်းထွန်း — ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(၂) ဦးကျော်တင် — ပြည်ထောင်စုဝန်ကြီး
အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၃၀/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်

(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းခြင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းသည့်လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ **"အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးလိုက်သည်-

(၁) ဦးအောင်ကြည် — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား)
ပြန်ကြားရေးဝန်ကြီးဌာန

(၂) ဦးစိုးတင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၃) ဦးအောင်လွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)
ပြည်ထဲရေးဝန်ကြီးဌာန

(၄) ဦးဟန်ညွန့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၅) ဒေါ်မြတ်မြတ်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၆) ဦးအောင်သန်းမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၇) ဦးခင်မောင်မြင့် — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ

(၈) ဦးမျိုးမြင့် — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ

(၉) ဒေါ်အေးအေးမူ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၁၀) ဦးဇော်ဝင်း — အဖွဲ့ဝင်
ရဲချုပ် (အငြိမ်းစား)
ပြည်ထဲရေးဝန်ကြီးဌာန

(၁၁) ဒေါ်လှဲ့လှဲ့သွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၁၂) ဦးစန်းဝင်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (အငြိမ်းစား)
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၇**

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊
ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်
ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဒေါက်တာညွှန့်ဖေ<br>ပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့<br>(ပညာရေး)<br>ပညာရေးဝန်ကြီးဌာန |

| **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| ( ခ ) ဒေါက်တာတင်မောင်ထွန်း<br>ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| ( ဂ ) ဒေါက်တာတင်မောင်လှ<br>ပါမောက္ခချုပ်<br>မန္တလေးအဝေးသင်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) ဒေါက်တာဝင်းနိုင်<br>ပါမောက္ခချုပ်<br>မုံရွာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဒဂုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| ( င ) ဒေါက်တာသူရဦး<br>ပါမောက္ခချုပ်<br>စစ်ကိုင်းတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မုံရွာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| ( စ ) ဦးမင်းသူ<br>ညွှန်ကြားရေးမှူးချုပ်<br>အခွန်အယူခံခုံအဖွဲ့ရုံး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (က) ဦးသိန်းဦး | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |
| ( ခ ) ဦးဇော်အောင် | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးလှငွေး ကို ယင်းရုံး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

**သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဆုငွေချီးမြှင့်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၁၂၄/၂၀၁၅ ကို ပြင်ဆင်သည့်အမိန့်**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဆုငွေချီးမြှင့်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၂၄/၂၀၁၅ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ တရားမဝင်ကုန်ပစ္စည်းတင်သွင်း၊ တင်ပို့မှုများလျော့နည်းပပျောက်စေရေးအတွက် သတင်းပေးသူနှင့် ဖမ်းဆီးရမိသူတို့အား ဆုကြေးတိုးမြှင့်ပေးပြီး ဖမ်းဆီး၊ တားဆီးမှုများထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အဆိုပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၄/၂၀၁၅ ကို ပြင်ဆင်ရန်လိုအပ်သဖြင့် အပိုဒ် ၃ အတိုင်း ပြင်ဆင်လိုက်သည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂၄/၂၀၁၅ တွင် -

(က) အပိုဒ် ၄၊ အပိုဒ်ခွဲ (က) ၌ပါရှိသော "၈၀ ရာခိုင်နှုန်း" ဆိုသည့်စကားရပ်ကို "၅၀ ရာခိုင်နှုန်း" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ခ) တွင်ပါရှိသော "၁၀ ရာခိုင်နှုန်း" ဆိုသည့် စကားရပ်ကို "၂၀ ရာခိုင်နှုန်း" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဂ) တွင်ပါရှိသော "၁၀ ရာခိုင်နှုန်း" ဆိုသည့်စကားရပ်ကို "၃၀ ရာခိုင်နှုန်း" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ခ) အပိုဒ် ၅၊ အပိုဒ်ခွဲ (က) ၌ပါရှိသော "၅၀ ရာခိုင်နှုန်း" ဆိုသည့်စကားရပ်ကို "၃၀ ရာခိုင်နှုန်း" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ခ) တွင်ပါရှိသော "၃၀ ရာခိုင်နှုန်း" ဆိုသည့် စကားရပ်ကို "၂၀ ရာခိုင်နှုန်း" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဂ) တွင်ပါရှိသော "၁၀ ရာခိုင်နှုန်း" ဆိုသည့်စကားရပ်ကို "၂၀ ရာခိုင်နှုန်း" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ (ဃ) တွင်ပါရှိသော "၁၀ ရာခိုင်နှုန်း" ဆိုသည့်စကားရပ်ကို "၃၀ ရာခိုင်နှုန်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ဂ) အပိုဒ် ၉ ၌ပါရှိသော "ကျပ် ၂၅၀၀၀၀၀ (ကျပ်နှစ်ဆယ့်ငါးသိန်း)" ဆိုသည့်စကားရပ်ကို "ကျပ် ၅၀၀၀၀၀၀ (ကျပ်သိန်းငါးဆယ်)" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) အပိုဒ် ၉ နှင့် အပိုဒ် ၁၀ တို့၌ပါရှိသော "ကျပ် ၅၀၀၀၀၀၀ (ကျပ်သိန်းငါးဆယ်)" ဆိုသည့် စကားရပ်ကို "ကျပ် ၁၀၀၀၀၀၀၀ (ကျပ်သိန်းတစ်ရာ)" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

**ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၅ ။) ကို ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

## ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅ ။)**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၃ တွင်ပါရှိသော "Registrar-General of Births, Deaths and Marriages" means a Registrar-General of Births, Deaths and Marriages appointed under the Births, Deaths and Marriages Registration Act. ဆိုသည့်စကားရပ်ကို "Registrar-General of Marriages" means a Registrar-General of Marriages appointed under this Act. ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

Registrar-General of Marriages and Registrars of Marriages.

"7. The President of the Union shall appoint Registrar-General of Marriages and Registrars of Marriages. The President of the Union may also appoint one or more Christians, either by name or as holding any office for the time being, to be the Registrars of Marriages.

Senior Registrar of Marriages.

Where there are more Registrars of Marriages than one in any district, the President of the Union shall appoint one of them to be the Senior Registrar of Marriages.

Judge when to be Registrar of Marriages.

When there is only one Registrar of Marriages in a district, and such Registrar is absent from such district, or ill, or when his office is temporarily vacant, the District Judge shall act as, and be, Registrar of Marriages thereof during such absence, illness or temporary vacancy."

၄။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၈၊ ပုဒ်မ ၄၇၊ ပုဒ်မ ၄၈ တတိယအပိုဒ်၊ ပုဒ်မ ၅၆ နှင့် ပုဒ်မ ၈၁ တို့ကို ပယ်ဖျက်ရမည်။

၅။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇၊ ပုဒ်မ ၅၅၊ ပုဒ်မ ၆၂၊ ပုဒ်မ ၇၈ နှင့် ပုဒ်မ ၇၉ တို့တွင်ပါရှိသော "Registrar-General of Births, Deaths and Marriages"ဆိုသည့်စကားရပ်ကို "Registrar-General of Marriages" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "exceed thirteen years" ဆိုသည့်စကားရပ်ကို "exceed fifteen years" ဆိုသည့်စကားဖြင့် အစားထိုးရမည်။

၇။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆၁ တွင်ပါရှိသော "a fee of four annas" ဆိုသည့်စကားရပ်ကို "a fee of one thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆၈ ကိုအောက်ပါအတိုင်း အစားထိုးရမည် -

Solemnizing marriage without due authority.

"68. Whoever, not being authorized by section 5 of this Act to solemnize marriages, solemnizes, or professes to solemnize, in the absence of a Marriage Registrar of the district in which the ceremony takes place, a marriage between persons one or both of whom is or are a Christian or Christians, shall be punished with imprisonment which may extend to seven years."

၉။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၇၄ တွင်ပါရှိသော "extend to one hundred kyats" ဆိုသည့်စကားရပ်ကို "extend to ten thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၇)

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

## မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇ ခုနှစ်) ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)** ကို ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၇ ခုနှစ်)"** ဟု ခေါ်တွင်စေရမည်။

၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (က) တို့တွင်ပါရှိသော **"လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန"** ဆိုသည့်စကားရပ်ကို **"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၃၊ ပုဒ်မခွဲ (က) တို့တွင်ပါရှိသော **"ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန"** ဆိုသည့် စကားရပ်ကို **"လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၁၂ တို့ပါ **"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ"** ဆိုသည့် စကားရပ်ကို **"မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဃ) တို့တွင်ပါရှိသော **"သတ္တုတွင်းဝန်ကြီးဌာန"** ဆိုသည့် စကားရပ်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော **"ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန"** ဆိုသည့် စကားရပ်များကို **"သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၆။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တို့တွင် ပါရှိသော **"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့် ဆက်နွှယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက်"** ဆိုသည့် စကားရပ်ကို **"အောက်ဖော်ပြပါ လုပ်ငန်းများအတွက်"** ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၇။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၇။ ဗဟိုကော်မတီသည် -

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ တင်ပြလာသည့် ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတွင် လုပ်ငန်းအဖွဲ့များနှင့် သီးခြားအဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များအား သတ်မှတ်ပေးရမည်။

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ဤဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူခြင်းမရှိဘဲ ဝင်ရောက်လုပ်ကိုင်အသုံးပြုသူများကို အရေးယူဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးရှိ လုပ်ငန်းအဖွဲ့များကို တာဝန်ပေးအပ်ရမည်။"

၈။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၂။ (က) ဤဥပဒေ မပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများသည်-

(၁) ခွင့်ပြုမိန့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ ခွင့်ပြုမိန့်ထုတ်ပြန်သည့် ရက်စွဲနှင့် စာအမှတ်တို့ကို ပြည့်စုံစွာဖော်ပြပြီး အမှန်တကယ် ဖော်ထုတ်လုပ်ကိုင်

အသုံးပြုပြီးသော ဧရိယာနှင့် ကျန်ရှိသော ဧရိယာတို့ကို အထောက်အထား ခိုင်လုံစွာဖြင့် ဓာတ်ပုံမှတ်တမ်းများ ပူးတွဲလျက် မှတ်တမ်းပြုစုပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။

(၂) ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(၃) မူလခွင့်ပြုကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်း မရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၄) မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်ကြောင်း တွေ့ရှိပါက အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့်အပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း ခံရမည်။

**(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ရယူလုပ်ကိုင်အသုံးပြုနေခဲ့သော ပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများသည်-**

(၁) မိမိရယူလုပ်ကိုင် အသုံးပြုခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာနှင့် ၎င်းတို့နှင့် စပ်လျဉ်းသော အသေးစိတ် အချက်အလက်များကို ပြည့်စုံစွာ ဖော်ပြပြီး၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့် ရရှိရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၇ ခုနှစ်) ပြဋ္ဌာန်းသည့်နေ့မှစ၍ သုံးလအတွင်း သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားရမည်။

(၂) ပုဒ်မခွဲငယ် (၁) ပါအတိုင်း လျှောက်ထားဆောင်ရွက်ခြင်းမရှိလျှင်ဖြစ်စေ၊ လျှောက်ထားသော်လည်း ခွင့်ပြုမိန့် မရရှိလျှင် ဖြစ်စေ အဆိုပါမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သိမ်းယူခြင်း၊ ဖယ်ရှားခြင်းခံရမည်။

(၃) ပုဒ်မခွဲငယ် (၁) ပါအတိုင်း သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်းမရှိဘဲ အဆိုပါ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအပေါ်တွင် ဆက်လက်၍ ရယူလုပ်ကိုင် အသုံးပြုလျှင်သော်လည်းကောင်း၊ ယင်းသို့ လျှောက်ထားသည့်အခါ ဗဟိုကော်မတီက ခွင့်မပြုသင့်သဖြင့် အဆိုပါ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းပေါ်မှ ထွက်ခွာဖယ်ရှားစေရန် ညွှန်ကြားသည့်အမိန့်ကို မလိုက်နာဘဲ ဆက်လက်ရယူအသုံးပြုလျှင်သော်လည်းကောင်း ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) အရ အရေးယူခြင်းခံရမည်။"

၉။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၇** ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၇။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ဤဥပဒေနှင့်အညီ ခွင့်ပြုမိန့် မရှိဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း သို့မဟုတ် ဝင်ရောက်ကျူးကျော်နေထိုင်စေခြင်း၊ ဝင်ရောက်ကျူးကျော်လုပ်ကိုင်ခြင်း သို့မဟုတ် ဝင်ရောက်ကျူးကျော် လုပ်ကိုင်စေခြင်း၊

(ခ) ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်၏ သဘောတူခွင့်ပြုချက် မရရှိဘဲ အဆိုပါ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများပေါ်တွင် ဝင်ရောက်ကျူးကျော်လုပ်ကိုင်ခြင်း။"

၁၀။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၈ တွင် ပါရှိသော **"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူကိုဖြစ်စေ၊ ထိုသူ၏ သဘောတူခွင့်ပြုချက်အရ လုပ်ကိုင်သူကိုဖြစ်စေ၊ ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိသော မြေတွင်**

**လုပ်ငန်းဆောင်ရွက်မှုကို ဟန့်တားနှောင့်ယှက်ကြောင်း"** ဆိုသည့် စကားရပ်ကို **"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူ သို့မဟုတ် ထိုသူ၏ သဘောတူခွင့်ပြုချက်အရ လုပ်ကိုင်သူက အဆိုပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် ဤဥပဒေနှင့်အညီ ဆောင်ရွက်သော လုပ်ငန်း ဆောင်ရွက်မှု တစ်စုံတစ်ရာကို ဟန့်တားနှောင့်ယှက်ကြောင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၇)

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

### ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆ ။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

### (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆ ။)

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (န) တွင် ပါရှိသော "ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်နည်းပညာဝန်ကြီးဌာန"ဆိုသည့်စကားရပ်ကို "ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၆။ မည်သူမဆို အောက်ပါပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ပြီး ပုဒ်မခွဲ (ဃ) ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-"

၄။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ တွင် ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း။"

၅။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၈၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၀။ (က) ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ခ) ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

(ဂ) ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဃ) ပါ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား အသရေဖျက်ခြင်းပြုကြောင်း သက်ဆိုင်ရာနစ်နာသူ ကိုယ်တိုင်ဖြစ်စေ၊ ထိုသူ၏ ကိုယ်စား လွှဲအပ်ခြင်းခံရသူကဖြစ်စေ တိုင်တန်းချက် မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၇)

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

## ဆည်မြောင်းဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ဆည်မြောင်းဥပဒေ** (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၇။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ဆည်မြောင်းဥပဒေ

## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၇ ။)

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဆည်မြောင်းဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ဆည်မြောင်း**ဆိုသည်မှာ ရေပေးဝေရန်ဖြစ်စေ၊ ရေသိုလှောင်ရန်ဖြစ်စေ စီမံဆောင်ရွက်ထားသော ဆည်၊ ကန်၊ ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေတံခါး၊ ရေမြောင်း၊ ရေတင်စက်ရုံ၊ မြေအောက်ရေတွင်း၊

ယင်းတို့နှင့်ဆက်စပ်လျက်ရှိသော မြစ်၊ ချောင်း၊ ရေကန်၊ ရေအိုင်၊ သဘာဝရေနုတ်မြောင်းတို့၏ အစိတ်အပိုင်းများ၊ တူးမြောင်း၊ ရေသွင်းရေလွှဲမြောင်း၊ မြောင်းပေါင်၊ ကမ်းပါးထိန်းနံရံတို့ကို ဆိုသည်။ အဆိုပါစကားရပ်တွင် ဆည်မြောင်းလုပ်ငန်း၊ ယင်းနှင့် ဆက်စပ်သော အဆောက်အအုံနှင့် စက်ယန္တရားလည်း ပါဝင်သည်။

(ခ) **ဆည်မြောင်းနယ်နိမိတ်**ဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက ဆည်မြောင်းအလိုက် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထုတ်ပြန်သည့် နယ်နိမိတ်ကို ဆိုသည်။

(ဂ) **ကျေးရွာဆည်မြောင်း**ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူး က ကျေးရွာဆည်မြောင်းအဖြစ် ကြေညာထားသည့် ဆည်မြောင်း၊ ရေမြောင်း သို့မဟုတ် ရေလှောင်တမံနှင့် ကန်ကို ဆိုသည်။

(ဃ) **လယ်ကြားမြောင်း**ဆိုသည်မှာ ဦးစီးဌာနကတာဝန်ယူဆောင်ရွက်သည့် ဆည်မြောင်းမှ ရေပေးဝေသော ရေမြောင်းတစ်ခုခုနှင့်ဆက်လျက် သတ်မှတ်သည့်အတိုင်း တူးဖော်သည့်ရေမြောင်းနှင့်သက်ဆိုင်သည့် အဆောက်အကူပြုလုပ်ငန်းများကို ဆိုသည်။

(င) **ရေနုတ်မြောင်း**ဆိုသည်မှာ ဆည်မြောင်းများမှ ပိုလျှံရေနှင့် သဘာဝအလျောက် စီးဆင်းသော ရေကြောင့် ရေကြီးနစ်မြုပ်ခြင်း၊ ရေတိုက်စားခြင်းတို့မှ ကာကွယ်ရန်ဖြစ်စေ၊ ရေပေးသွင်းရန်ဖြစ်စေ တူးဖော်ထားသော ရေမြောင်း သို့မဟုတ် သဘာဝအလျောက်ဖြစ်ပေါ်နေသည့် ရေမြောင်း၊ ယင်းရေမြောင်းနှင့်ဆက်စပ်သည့် အဆောက်အအုံများကို ဆိုသည်။

(စ) **ကျေးရွာရေနုတ်မြောင်း**ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာရေနုတ်မြောင်းအဖြစ် ကြေညာထားသည့် ရေနုတ်မြောင်းကို ဆိုသည်။

(ဆ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲသော ဆည်မြောင်း**ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက သတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲရန် လွှဲပြောင်းရယူထားသော ဆည်မြောင်းကို ဆိုသည်။

(ဇ) **ရေယာဉ်**ဆိုသည်မှာ လှေ၊ သမ္ဗန်၊ သစ်ဖောင်၊ ဝါးဖောင်၊ အခြားစက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ် တစ်မျိုးမျိုးနှင့် ရေတွင်ပေါ်သည့် အခြားအရာဝတ္ထုတို့ကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန**ဆိုသည်မှာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနကို ဆိုသည်။

(ဋ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ**ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ ဦးစီးဌာန တာဝန်ခံကို ဆိုသည်။

(ဌ) **ခရိုင်ဆည်မြောင်းအရာရှိ**ဆိုသည်မှာ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်ရှိ ဦးစီးဌာနတာဝန်ခံကို ဆိုသည်။

(ဍ) **မြို့နယ်ဆည်မြောင်းအရာရှိ**ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်ရှိ ဦးစီးဌာနတာဝန်ခံကို ဆိုသည်။

(ဎ) **ရေခွန်**ဆိုသည်မှာ ရေအသုံးပြုခြင်းအတွက် ကောက်ခံသည့် အခွန်ကို ဆိုသည်။

(ဏ) **ထိန်းသိမ်းခြင်းလုပ်ငန်း**ဆိုသည်မှာ ဆည်မြောင်းလုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်စပ်လျက်ရှိသော အဆောက်အအုံများ ပုံစံတကျရှိစေရန် သတ်မှတ်ချက်များနှင့်အညီ ပြုပြင်ထိန်းသိမ်းရသော လုပ်ငန်းကို ဆိုသည်။

(တ) **အရေးပေါ်လုပ်ငန်း**ဆိုသည်မှာ အကြောင်းတစ်ရပ်ရပ်ကြောင့် ဆည်မြောင်းကျိုးပေါက်ခြင်း သို့မဟုတ် ပျက်စီးနိုင်ခြင်းဖြစ်ပေါ်ပါက အချိန်မီ ပြင်ဆင်ရသောလုပ်ငန်းကို ဆိုသည်။

(ထ) **အုပ်ချုပ်ရေးမှူး**ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆည်မြောင်းတည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) တည်ဆောက်ပြီးဆည်မြောင်းများကို ရေရှည်တည်တံ့ ခိုင်မြဲစေရန်အတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းရန်၊

(ဂ) ကျေးရွာဆည်မြောင်းနှင့် ကျေးရွာရေနုတ်မြောင်းများ တည်ဆောက်ရေးနှင့်ထိန်းသိမ်းရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနိုင်ရန်၊

(ဃ) ဆည်မြောင်းများကို ဘေးအန္တရာယ်ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ကျရောက်လာပါက ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေးအတွက် အရေးပေါ်လုပ်ငန်းများကို ပြည်သူများက ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

(င) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပါအဝင် ဒေသအတွင်း ရေလိုအပ်ချက်ကို အဆင်ပြေလွယ်ကူစွာ ရရှိစေရန်၊

(စ) ဆည်မြောင်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်။

## အခန်း (၃)
## ဆည်မြောင်းတည်ဆောက်ခြင်း

၄။ ဝန်ကြီးဌာနသည် ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်လျှင် ယင်းသို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာဒေသရှိ ပြည်သူများ ကြိုတင်သိရှိနိုင်ရန် လုံလောက်သော အချိန်ပေး၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

၅။ (က) ပုဒ်မ ၄ အရ အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆည်မြောင်းအရာရှိ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာနအရာရှိသည် ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒေသခံ တောင်သူလယ်သမားများနှင့် ညှိနှိုင်းပြီး ကြိုတင်စူးစမ်း လေ့လာ တိုင်းတာခြင်းလုပ်ငန်းများနှင့် ဆည်မြောင်း တည်ဆောက်မည့် နယ်နိမိတ် လျာထားခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သည့် မြေသိမ်းဆည်းခြင်း လုပ်ငန်းကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၆။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ဆည်မြောင်းတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းလုပ်ငန်းများနှင့်ဆက်စပ်သော မြေများ၊ အဆောက်အဦများ၊ သီးနှံများ၊ စားပင်သီးပင်များ ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံနိုင်ကြောင်း သက်ဆိုင်ရာဒေသရှိ ပြည်သူများ ကြိုတင်သိရှိရန် လုံလောက်သောအချိန်ပေး၍ ကြေညာရမည်။

၇။ (က) ခရိုင်အုပ်ချုပ်ရေးမှူးသည် -

(၁) လျော်ကြေးပေးရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ စုံစမ်းစစ်ဆေးရေး အဖွဲ့ကို ဖွဲ့စည်း၍ စစ်ဆေးရမည်။

(၂) စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ လျော်ကြေးပေးရန်ရှိပါက လျော်ကြေးငွေကို တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ဆုံးဖြတ်ရမည်။

(၃) ပုဒ်မခွဲငယ် (၂) အရ မိမိ၏ဆုံးဖြတ်ချက်ကို လျော်ကြေးတောင်းဆိုသူထံ စာဖြင့် ဆောလျင်စွာ အကြောင်းကြားရမည်။

(ခ) ခရိုင်အုပ်ချုပ်ရေးမှူး၏ လျော်ကြေးငွေသတ်မှတ်ချက်ကို မကျေနပ်လျှင် လျော်ကြေးတောင်းဆိုသူသည် အကြောင်းကြားစာရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ အယူခံဝင်ရောက်နိုင်သည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် ပုဒ်မခွဲ (က) အရ လျော်ကြေးငွေသတ်မှတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

(ဃ) လျော်ကြေးငွေပေးချေခြင်းကို ဦးစီးဌာန၏ ငွေစာရင်းဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၈။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) အရ လျော်ကြေးပေးသည့်ကိစ္စရပ်များ ပြီးပြတ်သည့်အခါ ခရိုင်ဆည်မြောင်း အရာရှိသည် ဆည်မြောင်းနှင့် ဆက်စပ်လျက်ရှိသော ဆည်၊ တာတမံလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၉။ သဘာဝရေစီးရေလာကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့် ဖြစ်စေ ဆည်မြောင်း၊ တာတမံများ ရွေ့လျောပျက်စီးလာ၍ ဆည်မြောင်း၊ ဖြတ်မြောင်းများ အသစ်ပြောင်းရွှေ့တူးဖော်တည်ဆောက်ခြင်းနှင့် မြေစာများ စုပုံခြင်းပြုရာတွင် လယ်ယာမြေနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် လျော်ကြေးငွေ တောင်းခံလာမှုများကို ခရိုင်ဆည်မြောင်းအရာရှိသည် ခရိုင်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးရမည်။

၁၀။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၉ ပါ လျော်ကြေးငွေ တောင်းဆိုမှုများနှင့်စပ်လျဉ်း၍ ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)
## ဆည်မြောင်းပြုပြင်ထိန်းသိမ်းခြင်း

၁၁။ တာဝန်ပေးအပ်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆည်မြောင်းအရာရှိ၊ ခရိုင် ဆည်မြောင်းအရာရှိနှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့သည် တည်ဆောက်ပြီး ဆည်မြောင်းနှင့်ဆက်စပ်သော အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဆည်ရေပေးဝေခြင်းမပြုမီ ဆည်မြောင်းများနှင့် ရေပေးအဆောက်အအုံများ ပုံစံတကျရှိမှုနှင့် ကြံ့ခိုင်မှု အခြေအနေကို စစ်ဆေးခြင်းနှင့်လိုအပ်ချက်များ အချိန်မီ ပြုပြင်ခြင်း၊

(ခ) ဆည်မြောင်းပေါင်အတွင်း ခြတောင်ပို့များ၊ ကြွက်တွင်းများကို တူးဖော်ဖယ်ရှားခြင်းနှင့်မြေသစ်ဖို့ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ဆည်မြောင်းအတွင်း ရေမှတ်တိုင်များစိုက်ထူ၍ ရေပေးဝေချိန်တစ်လျှောက် စောင့်ကြည့် ထိန်းသိမ်းခြင်း၊

(ဃ) မြောင်းစစ်လမ်းများ ပြုပြင်ထိန်းသိမ်းခြင်း၊

(င) ဆည်မြောင်းအတွင်း ရေစီးရေလာကောင်းမွန်စေရန် အဟန့်အတားဖြစ်စေသည့် အရာဝတ္ထုများကို ဖယ်ရှားရှင်းလင်းခြင်း၊

(စ) ရေလှောင်တမံများ၏ ကြံ့ခိုင်ရေးနှင့် ရေထိရောက်စွာ သိုလှောင်နိုင်ရန် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဆ) ရေသွင်းရေထုတ်တံခါးများ၊ ရေပိုလွှဲနှင့် ယင်းတွင်တပ်ဆင်ထားသော ရေတံခါး၊ ရေတံခါးရွက်များ၊ သံထုတ်ရေတံခါးများနှင့် ဆက်စပ်နေသော စက်ပစ္စည်းအစိတ်အပိုင်းများ စစ်ဆေးပြုပြင်ခြင်း၊

(ဇ) ရေလွှဲဆည်၊ ရေပိုလွှဲမှထွက်လာသော ရေများကြောင့် အောက်ခြေကွန်ကရစ်ကြမ်းခင်းများ ပျက်စီးမှု ရှိပါက ပြုပြင်ဆောင်ရွက်ခြင်း၊

(ဈ) ရေလွှဲဆည်အထက်ဘက်ရှိ ရေလျှံတာရိုးထိပ်ကို ရေကြီးသည့်အချိန်တွင် တိုက်ရိုက်မြစ်ရေတိုက်စား ခံရ၍ မြစ်ရေကျပြီးလျှင် မပျက်မကွက် စစ်ဆေးခြင်း၊

(ည) အုတ်ပန်းရန်လုပ်ငန်းများ၏ ကွဲအက်ကြောင်းများနှင့် ကျောက်စီလုပ်ငန်းများ ပျက်စီးနိုင်သည့် အခြေအနေကို အချိန်မီပြင်ဆင်ဆောင်ရွက်ခြင်း၊

(ဋ) ဦးစီးဌာနက ထိန်းသိမ်းထားသော ဆည်မြောင်းများ၏ နယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း၊ ကျူးကျော်စိုက်ပျိုးခြင်းများကို အရေးယူဆောင်ရွက်ခြင်း၊

(ဌ) ရေဆုံးရှုံးမှုနည်းပါးပြီး အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဆည်များ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေ တူးဖော်ရေးလုပ်ငန်းများ၊ ရေပေးဝေမှုစနစ်နှင့် ရေသောက်စနစ်များကို ပြုပြင် ထိန်းသိမ်းခြင်း၊

(ဍ) ကျေးရွာဆည်မြောင်းများနှင့် ကျေးရွာရေနုတ်မြောင်း လုပ်ငန်းများ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးကို ကူညီဆောင်ရွက်ပေးခြင်း။

၁၂။ ပုဒ်မ ၁၁ ပါ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သာမန်ပြုပြင်ခြင်းလုပ်ငန်း သို့မဟုတ် အထူးပြင်ဆင်ခြင်းလုပ်ငန်း သို့မဟုတ် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းအဆင့် သတ်မှတ်၍ ဆောင်ရွက်ရမည်။

## အခန်း (၅)
## ဆည်မြောင်းမှရေကို ရယူသုံးစွဲခြင်း

၁၃။ ဆည်မြောင်းမှရေကို ရယူသုံးစွဲရန် လယ်ကြားမြောင်း ဖောက်လိုသူ၊ လက်ရှိလယ်ကြားမြောင်းအား ပြုပြင်မွမ်းမံလိုသူ သို့မဟုတ် လက်ရှိ လယ်ကြားမြောင်းကို လွှဲပြောင်းရယူလိုသူသည် သက်ဆိုင်ရာ မြို့နယ် ဆည်မြောင်းအရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၄။ မြို့နယ်ဆည်မြောင်းအရာရှိသည် ပုဒ်မ ၁၃ အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ လိုအပ်သည် များကို စိစစ်၍ လယ်ကြားမြောင်း ဖောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း သို့မဟုတ် လွှဲပြောင်းရယူခြင်းကို ခရိုင်ဆည်မြောင်းအရာရှိက ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်စေရန် မိမိ၏ သဘောထားမှတ်ချက်နှင့် အတူ အကျိုးဆက်နွယ်သော တောင်သူလယ်သမားများ၏ သဘောထားမှတ်ချက်ပါ စုစည်းဖော်ပြ၍ ခရိုင် ဆည်မြောင်းအရာရှိထံ တင်ပြရမည်။

၁၅။ ခရိုင်ဆည်မြောင်းအရာရှိသည် -

(က) ပုဒ်မ ၁၄ အရ မြို့နယ်ဆည်မြောင်းအရာရှိ၏တင်ပြချက်ကို စိစစ်ပြီး လယ်ကြားမြောင်း ဖောက်လုပ်ရန်၊ ပြုပြင်မွမ်းမံရန် သို့မဟုတ် လွှဲပြောင်းရယူရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ပြုရမည်။

(ခ) ရေမြောင်းတစ်ခုတူးဖော်နေစဉ် သို့မဟုတ် တူးဖော်ပြီးနောက် မည်သည့်အချိန်တွင်မဆို ဆည်ရေသောက်ဧရိယာအတွင်း လိုအပ်သော လယ်ကြားမြောင်းများ တူးဖော်ရန် တာအူကြောင်း ပေးခြင်း၊ တည်ဆောက်ခြင်းပြုနိုင်သည်။

(ဂ) လယ်ကြားမြောင်းဖြတ်သန်းရာ လယ်ယာမြေများအတွက် လျော်ကြေးပေးရန်လိုအပ်ပါက မိမိ သဘောထားမှတ်ချက်နှင့်အတူ ခရိုင်အုပ်ချုပ်ရေးမှူးထံ ညှိနှိုင်းအကြောင်းကြားရမည်။

၁၆။ လယ်ကြားမြောင်းအသုံးပြုသူတို့သည် လယ်ကြားမြောင်း အများအပြား ဘေးချင်းယှဉ်ရှိခြင်း၊ အလျားရှည်စွာ စီးဆင်းလျက်ရှိခြင်းနှင့် နီးကပ်လွန်းခြင်းတို့ကြောင့် နုန်းစွန့်ရန် နေရာလပ်မရှိခြင်းနှင့် ကုန်ကျငွေ

များသော အခြေအနေဖြစ်ပေါ်လျှင် ခရိုင်ဆည်မြောင်းအရာရှိထံ တင်ပြနိုင်သည်။ ခရိုင်ဆည်မြောင်းအရာရှိသည် အဆိုပါတင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သည့် စိစစ်မှုများပြုလုပ်ပြီး လယ်ကြားမြောင်းများ ပူးတွဲခြင်း သို့မဟုတ် အစားထိုးပြင်ဆင်ခြင်းကို ဆောင်ရွက်ရန် ဆုံးဖြတ်နိုင်သည်။

၁၇။ လယ်ကြားမြောင်း အသစ်တူးဖော် ဖောက်လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းရယူခြင်းအတွက် လယ်ကြားမြောင်းဖြတ်သန်းရာ တစ်ဖက်တစ်ချက်ရှိ မြေလက်ရှိဖြစ်သူတို့က လယ်ကြားမြောင်းမှရေကို ရယူသုံးစွဲပါက ယင်းမြေအတွက် လျော်ကြေးခံစားခွင့်မရှိဘဲ သစ်ပင်နှင့်သီးနှံ ပျက်စီးမှုအတွက်သာ လျော်ကြေးခံစားခွင့်ရှိသည်။ အကယ်၍ ယင်းမြေ လက်ရှိဖြစ်သူသည် လယ်ကြားမြောင်းမှရေကို ရယူသုံးစွဲပါက ရယူထားသော လျော်ကြေးငွေကို ပြန်လည်ပေးအပ်ရမည်။

၁၈။ ပုဒ်မ ၁၇ အရ လယ်ကြားမြောင်း သို့မဟုတ် မြေနှင့် အကျိုးသက်ဆိုင်သူသည် လယ်ကြားမြောင်းအသစ် တူးဖော်ဖောက်လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ခရိုင်အုပ်ချုပ်ရေးမှူးထံ သတ်မှတ်ချက်နှင့်အညီ ကန့်ကွက်တင်ပြနိုင်သည်။

၁၉။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၁၈ အရ ကန့်ကွက်တင်ပြချက်ကို ရရှိလျှင် -

(က) ခရိုင်ဆည်မြောင်းအရာရှိနှင့်အတူ လိုအပ်သော စုံစမ်းစစ်ဆေးခြင်း ပြုနိုင်သည်။

(ခ) စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ ကန့်ကွက်တင်ပြချက်ကို လက်ခံ၍ အရေးယူဆောင်ရွက်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) လျော်ကြေးပေးရန်ကိစ္စများနှင့်စပ်လျဉ်း၍ အပြီးသတ် ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။

၂၀။ လယ်ကြားမြောင်းဖောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်းနှင့်စပ်လျဉ်း၍ ကုန်ကျစရိတ်ကိုဖြစ်စေ၊ လျော်ကြေးငွေကိုဖြစ်စေ လယ်ကြားမြောင်းအသုံးပြုသူများက ပူးတွဲ၍သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း ကျခံရန် တာဝန်ရှိစေရမည်။

၂၁။ လယ်ကြားမြောင်းရေကို ရယူရာတွင် -

(က) အများပြည်သူဆိုင်ရာ လမ်း၊ ဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်းကို ဖြတ်ကျော်၍ ရယူရန် လိုအပ်ပါက ပြုပြင်ဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကို ရေအသုံးပြုသူများက ကျခံရမည်။

(ခ) ခရိုင်ဆည်မြောင်းအရာရှိသည် ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်း ဆောင်ရွက်ရမည်။

၂၂။ ခရိုင်အုပ်ချုပ်ရေးမှူးသည် လယ်ကြားမြောင်းအသစ် ဖောက်လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းရယူခြင်းအတွက် ကုန်ကျစရိတ်ကိုလည်းကောင်း၊ လယ်ကြားမြောင်းကို လွှဲပြောင်းရယူခြင်းအတွက် ပျက်စီးဆုံးရှုံးမှု လျော်ကြေးကိုလည်းကောင်း လယ်ကြားမြောင်းဖောက်လုပ်သူ သို့မဟုတ် လွှဲပြောင်းရယူသူက ကျခံရေးအတွက် ဆောင်ရွက်ရမည်။

၂၃။ လယ်ကြားမြောင်းအသစ် ဖောက်လုပ်ခြင်းအတွက် ခရိုင်အုပ်ချုပ်ရေးမှူးက သတ်မှတ်သော ကုန်ကျစရိတ်ကို လယ်ကြားမြောင်းအသုံးပြုသူက ကျခံရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ လယ်ကြားမြောင်းကို လွှဲပြောင်းရယူခြင်းအတွက် ခရိုင်အုပ်ချုပ်ရေးမှူးက သတ်မှတ်သော ကုန်ကျစရိတ် သို့မဟုတ် ပျက်စီးဆုံးရှုံးမှု လျော်ကြေးကို လွှဲပြောင်းရယူသူက ကျခံရန် ပျက်ကွက်လျှင်သော်လည်းကောင်း လယ်ကြားမြောင်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်ကို ခရိုင်အုပ်ချုပ်ရေးမှူးက ပေးအပ်ခြင်းမပြုဘဲ နေနိုင်သည်။

၂၄။ လယ်ကြားမြောင်း အသုံးပြုခွင့်ရှိသူသည် ရေထွက်ပေါက်ကို ပျက်စီးစေခြင်း သို့မဟုတ် ချဲ့ထွင်ခြင်း ပြုလုပ်လျှင် ခရိုင်ဆည်မြောင်းအရာရှိက ယင်းလယ်ကြားမြောင်းအသုံးပြုသူကို လယ်ကြားမြောင်း ပြုပြင်ထိန်းသိမ်းမှုမရှိသူအဖြစ် သတ်မှတ်ပြီး ယင်းလယ်ကြားမြောင်း ပြန်လည် ပြင်ဆင်ရသည့် ကုန်ကျစရိတ်ကို ကျခံစေရမည့်အပြင် ဆည်မြောင်းမှ ရေပေးဝေမှုကို ရပ်ဆိုင်းထားနိုင်သည်။

၂၅။ ဝန်ကြီးဌာနက စီမံခန့်ခွဲသော ဆည်မြောင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲသော ဆည်မြောင်းတွင်ဖြစ်စေ ပြည်သူအများ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ရန် လိုအပ်သော နေရာများတွင် သင့်လျော်သည့် ဆည်မြောင်းဖြတ်ကျော်တံတားများကို ဆောက်လုပ်ပေးရမည်။

## အခန်း (၆)
## ရေပေးဝေမှုရပ်ဆိုင်းခြင်း

၂၆။ ခရိုင်ဆည်မြောင်းအရာရှိသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ဆည်မြောင်းမှ ရေပေးဝေမှုကို ရေသုံးစွဲသူများအား ကြိုတင်အသိပေး၍ ရပ်ဆိုင်းနိုင်သည် -

(က) ဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ရေပေးဝေမှုကို ရပ်ဆိုင်းရန် လိုအပ်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိက ရပ်ဆိုင်းရန် ညွှန်ကြားခြင်း၊

(ဂ) လယ်ကြားမြောင်းပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် ဆည်မြောင်းရေများ အကျိုးမဲ့ စီးထွက်ခြင်းနှင့် ဆည်ရေဆုံးရှုံးခြင်းမှကာကွယ်ရန် လိုအပ်ခြင်း။

၂၇။ ပုဒ်မ ၂၆ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် သော်လည်းကောင်း ရေပေးဝေမှု ရပ်ဆိုင်းခြင်းခံရသည့်အတွက် ဆုံးရှုံးမှုအပေါ် ဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့က ပေးလျော်ရန် တာဝန်မရှိစေရ။ သို့ရာတွင် ရေသုံးစွဲသူသည် ဆည်မြောင်းရေအသုံးပြုခြင်းအတွက် ကောက်ခံသော ရေဖိုးငွေများပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုရန် တောင်းဆိုနိုင်သည်။

## အခန်း (၇)
## ဆည်မြောင်းရေ သုံးစွဲသူများ၏ အခွင့်အရေးနှင့်တာဝန်များ

၂၈။ ဆည်မြောင်းတစ်ခုမှ ပေးဝေသည့်ရေသည် ရေသွင်းစိုက်ပျိုးသည့် သီးနှံတစ်သီးစာအတွက် ပေးဝေခြင်းဖြစ်လျှင် ထိုသီးနှံရင့်မှည့်ချိန်အထိ အသုံးပြုနိုင်သည်။ တစ်နှစ်အတွင်း တစ်သီးစာထက်ပို၍ သီးထပ်စိုက်ပျိုးခြင်းအတွက် ရေပေးဝေခြင်းဖြစ်လျှင် ထိုသီးနှံများ ရင့်မှည့်ချိန်အထိ သုံးစွဲနိုင်သည်။

၂၉။ ဆည်မြောင်းရေသုံးစွဲသူသည် ရေသွင်းစိုက်ပျိုးရန်ဖြစ်စေ၊ မွေးမြူရေးလုပ်ငန်းအသုံးပြုရန်ဖြစ်စေ ပေးဝေသည့် ဆည်မြောင်းရေအတွက် ကျသင့်သည့်ရေခွန်ကို သတ်မှတ်ချက်နှင့်အညီ ပေးဆောင်ရမည်။

၃၀။ ဆည်မြောင်း သို့မဟုတ် လယ်ကြားမြောင်းမှရေကို အကျိုးရှိ ထိရောက်စွာ သုံးစွဲနိုင်ရန် တောင်သူများ စိုက်ပျိုးရေ ရယူသုံးစွဲရေးအဖွဲ့ကို ဦးစီးဌာနက သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပေးရမည်။ ယင်းအဖွဲ့သည် ပေးဝေသောရေပမာဏကို မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲရန်နှင့် ရေဖြန့်ဝေစနစ်ကို ပြုပြင်ထိန်းသိမ်းရမည်။

## အခန်း (၈)
## ကျေးရွာဆည်မြောင်းနှင့် ကျေးရွာရေနုတ်မြောင်းလုပ်ငန်းများ

၃၁။ ခရိုင်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အလိုက် တည်ရှိနေသော ကျေးရွာဆည်မြောင်း သို့မဟုတ် ကျေးရွာ ရေနုတ်မြောင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ပြည့်စုံစွာ စာရင်းပြုစုပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်နည်းလမ်းအတိုင်း ထုတ်ပြန်ကြေညာရမည် -

(က) ဆည်မြောင်း၊ ရေနုတ်မြောင်း၊ တာတမံများ၊ ရေမြောင်း၊ ရေလွှဲဆည်၊ ရေတံခါးနှင့် ယင်းတို့နှင့် ဆက်စပ်သော လုပ်ငန်းများ၏ တည်နေရာနှင့်အမျိုးအမည်၊

(ခ) ပုဒ်မခွဲ (က) ပါ လုပ်ငန်းများမှ အကျိုးခံစားခွင့်ရသည့် လယ်ယာမြေများနှင့် ယင်းမြေများပေါ်တွင် ကောက်ခံရရှိနိုင်သော ရေခွန်ရှိလျှင် ၎င်းရေခွန်စာရင်း၊

(ဂ) ပုဒ်မခွဲ (က) ပါ လုပ်ငန်းများနှင့် ယင်းလုပ်ငန်းများကို အထောက်အကူပြုသည့် တာတမံများ၊ ရေမြောင်းများ၊ ရေလွှဲဆည်များ၊ ရေတံခါးများနှင့်အခြားလုပ်ငန်းများကို ထိရောက်စွာပြုပြင်ရေးနှင့် ထိန်းသိမ်းရေးတို့အတွက် ရန်ပုံငွေလိုအပ်ချက်များနှင့် ရန်ပုံငွေရရှိရေး ဆောင်ရွက်ရန် နည်းလမ်းများ။

## အခန်း (၉)
## ရေနုတ်မြောင်းအဖြစ် ကြေညာခြင်း၊ ပိတ်ဆို့မှုကို ဖယ်ရှားခြင်းနှင့် လျော်ကြေး

၃၂။ ဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်းအိုင် သို့မဟုတ် ရေမြောင်း တစ်ခုခုတွင် ရေစီးရေလာ တားဆီး ပိတ်ဆို့နေခြင်းကြောင့် အများပြည်သူအကျိုးကို ထိခိုက်နစ်နာနိုင်သည်ဟု ယူဆလျှင် ဤဥပဒေအလို့ငှာ ယင်း၏ မည်သည့်အစိတ်အပိုင်းသည် ရေနုတ်မြောင်းဖြစ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်၍ တားဆီးပိတ်ဆို့နေခြင်းအား ဖယ်ရှားနိုင်ရေးအတွက် လိုအပ်ချက်နှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၃၃။ (က) ပုဒ်မ ၃၂ အရ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးပါက ခရိုင်ဆည်မြောင်းအရာရှိ သို့မဟုတ် ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက အခွင့်အာဏာအပ်နှင်းခြင်းခံရသူသည် အောက်ပါကိစ္စ တစ်ရပ်ရပ်ဆောင်ရွက်ရန် အမိန့်ထုတ်ပြန်နိုင်သည် -

(၁) ရေနုတ်မြောင်းတွင် တားဆီးပိတ်ဆို့နေသည့်အရာကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ဖယ်ရှားရန်၊

(၂) ရေနုတ်မြောင်းလုပ်ငန်းတွင် တားဆီးပိတ်ဆို့နေသည့်အရာကို သတ်မှတ်သည့်နည်းလမ်း အတိုင်း သတ်မှတ်သည့်အချိန်အတွင်း ပြုပြင်ရန်၊

(၃) မိမိထံမှ စာဖြင့်ရေးသားထားသည့် သဘောတူညီချက်ကို ဦးစွာရယူခြင်းမပြုဘဲ ရေနုတ် မြောင်းတွင် တားဆီးပိတ်ဆို့သည့် အရာတစ်ခုခု ပြုလုပ်တည်ဆောက်မှုကို တားမြစ်ရန်။

(ခ) ပုဒ်မခွဲ (က) အရ အမိန့်ချမှတ်ခြင်းခံရသူက သတ်မှတ်ထားသည့်ကာလအတွင်း အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် တားဆီးပိတ်ဆို့နေသည့်အရာကို အဆိုပါ အမိန့်ထုတ်ပြန်သူ ကိုယ်တိုင် ဖယ်ရှားခြင်း သို့မဟုတ် ပြုပြင်ခြင်းပြုနိုင်သည်။ ထိုသို့ ဖယ်ရှားခြင်း သို့မဟုတ် ပြုပြင်ခြင်းပြုရာတွင် ကုန်ကျစရိတ်များကို အမိန့်ထုတ်ပြန်ခြင်းခံရသူထံကသော်လည်းကောင်း၊ ထိုသူ၏ အကျိုးသက်ဆိုင်သူထံကသော်လည်းကောင်း တောင်းခံနိုင်သည်။

၃၄။ ပုဒ်မ ၃၃ အရ ထုတ်ပြန်သည့်အမိန့်ကို လိုက်နာလျက် တားဆီးပိတ်ဆို့နေသည့်အရာကို ဖယ်ရှားခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ခြင်းကြောင့် နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ လျော်ကြေး တောင်းဆိုလိုသူသည် ခရိုင်အုပ်ချုပ်ရေးမှူးထံ သတ်မှတ်ကာလအတွင်း တင်ပြနိုင်သည်။ ခရိုင်အုပ်ချုပ်ရေးမှူးသည် လျော်ကြေးတောင်းဆိုမှုအတွက် ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆည်မြောင်းအရာရှိ၊ ခရိုင်ဆည်မြောင်းအရာရှိနှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့၏ တာဝန်များ

၃၅။ တာဝန်ပေးအပ်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆည်မြောင်းအရာရှိ၊ ခရိုင် ဆည်မြောင်းအရာရှိနှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့သည် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အောက်ပါလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည် -

(က) မိုးခေါင်မှုဘေးဒဏ်ကျရောက်ပါက ရေလှောင်တမံ၊ ရေလွှဲဆည်များ ဝင်ရေလျော့နည်းပြီး ရေလှောင်ပမာဏ ကျဆင်းလာနိုင်သဖြင့် စိုက်ပျိုးရေနှင့်သောက်သုံးရေ ပြတ်လပ်မှု မရှိစေရေး ချွေတာသုံးစွဲရန် ပြည်သူလူထုသို့ အသိပညာပေးခြင်း၊

(ခ) ဆည်ရေဆုံးရှုံးမှုနည်းပါးနိုင်ရေးအတွက် ရေပေးမြောင်းများ၊ လယ်ကြားမြောင်းများကို ကြိုတင်ပြုပြင်တူးဖော်ခြင်း၊

(ဂ) ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေပေးမြောင်းများအတွက် အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများတွင် သုံးစွဲရသည့် ပစ္စည်းများကို ကြိုတင်စုဆောင်းထားခြင်း၊

(ဃ) ဆည်၊ ကန်၊ ရေလှောင်တမံများ ကြံ့ခိုင်မှုရှိစေရန် ထူးပေါက်များ၊ ရေစိမ့်ယိုမှုများ စစ်ဆေးခြင်း၊ ရေစီးကြောင်းများ၊ ချုံနွယ်များမရှိစေရေး ကွပ်ကဲဆောင်ရွက်ခြင်း၊

(င) ရေလှောင်တမံကြီးများအတွက် သင့်လျော်သော ရေလွှတ်ခြင်း၊ ရေလှဲခြင်း၊ ရေပိတ်ထားခြင်း စသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊

(စ) သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများနှင့်ညှိနှိုင်း၍ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့်စပ်လျဉ်း၍ အရေးပေါ် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ လက်တွေ့ဆောင်ရွက်ရန် ခရိုင်၊ မြို့နယ်အတွင်းရှိ ဝန်ထမ်းများနှင့် သက်ဆိုင်သည့် ရပ်ကွက်၊ ကျေးရွာပြည်သူများအား စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချ ဆောင်ရွက်ခြင်း၊

(ဇ) ရေဘေးအန္တရာယ် ကျရောက်နိုင်သော ရေလှောင်တမံ၊ ရေလွှဲဆည်များတွင် ရေကင်းစောင့်အဖွဲ့များ ဖွဲ့စည်း၍ တာဝန်ချထားခြင်း၊ အချိန်ပြည့်ဆက်သွယ်နိုင်သော ဆက်သွယ်ရေးစနစ်ထားရှိခြင်း၊ အထူးကိစ္စအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းပို့ခြင်း၊

(ဈ) သဘာဝဘေးအန္တရာယ် ကျရောက်မည်ဆိုပါက ဘေးအန္တရာယ်မလွတ်ကင်းနိုင်သော အနီးပတ်ဝန်းကျင်ဒေသရှိ ပြည်သူများကို အချိန်နှင့်တစ်ပြေးညီ ကြိုတင်အသိပေးနိုင်ရန်အတွက် ကြိုတင်သတိပေးခြင်း အစီအမံများ ဆောင်ရွက်ထားရှိခြင်း၊

(ည) သဘာဝဘေးအန္တရာယ် ကျရောက်လာပါက လိုအပ်သော အရေးပေါ်ပစ္စည်းများနှင့် လုပ်အားများ ရရှိရန် သက်ဆိုင်ရာ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်း ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ဋ) ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်များ ထိခိုက်မှုကို လျော့နည်းစေရန်နှင့် လိုက်လျောညီထွေရှိစေမည့် သဘာဝဘေးအန္တရာယ်လျော့ချသည့် နည်းလမ်းများကို ဆောင်ရွက်ခြင်း။

## အခန်း (၁၁)

## ဆည်မြောင်းနှင့်ရေနုတ်မြောင်း အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ခြင်း

၃၆။ ဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်းတစ်ခုခု ကျိုးပေါက် ပျက်စီးမှုအန္တရာယ် ကျရောက်လျှင် သို့မဟုတ် အန္တရာယ်ကျရောက်နိုင်လျှင် ဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက ခရိုင်အုပ်ချုပ်ရေးမှူးအား အောက်ပါတို့ကို ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည် -

(က) အန္တရာယ်ကျရောက်သည့် သို့မဟုတ် အန္တရာယ်ကျရောက်နိုင်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာများကို စုံစမ်းရန်၊

(ခ) အရေးပေါ်လုပ်သားစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြုစု၍ မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် တင်ပြစေရန်။

၃၇။ (က) ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) ပါ လုပ်သားစာရင်းကို ခရိုင်ဆည်မြောင်းအရာရှိထံ ပေးပို့ရမည်။

(ခ) ခရိုင်ဆည်မြောင်းအရာရှိသည် ပုဒ်မခွဲ (က) အရ လုပ်သားများ ရရှိရေးအတွက် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ တောင်းခံ၍ တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ တာဝန်ပေးအပ်ခြင်းခံရသူများသည် မြို့နယ်ဆည်မြောင်းအရာရှိ သို့မဟုတ် တာဝန်ရှိသူ၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။

(ဃ) အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ရှိရသော အတားအဆီးများကို ဖယ်ရှားခြင်းနှင့် အရေးပေါ် လုပ်ငန်းများ၌ သုံးစွဲရန် လိုအပ်သည့် သစ်ပင်၊ ဝါးပင်၊ သစ်သား၊ ဖျာ၊ ဝါးထရံ၊ ကြိုး၊ မြေကြီး၊ အိတ်နှင့် အခြား ပစ္စည်းများ၊ သယ်ယူရန် ယာဉ်တို့ကို နီးကပ်ရာဒေသများမှ ရယူအသုံးပြုရမည်။

၃၈။ (က) အရေးပေါ် လုပ်သားများအတွက်လည်းကောင်း၊ ပစ္စည်း ကိရိယာများ ရယူသုံးစွဲခြင်းနှင့် သယ်ယူခြင်းအတွက်လည်းကောင်း၊ ပစ္စည်းများ ဖယ်ရှားရာတွင် ပျက်စီးဆုံးရှုံးမှုအတွက်လည်းကောင်း ကျခံရန် လိုအပ်သည့် ကုန်ကျစရိတ်များကို ခရိုင်ဆည်မြောင်းအရာရှိက ဒေသအလိုက် အမြင့်ဆုံးဈေးနှုန်းဖြင့် သက်ဆိုင်သူများထံ ဆောလျင်စွာ ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပေးသည့်ငွေပမာဏနှင့်စပ်လျဉ်း၍ မကျေနပ်သူသည် ရက်ပေါင်း ၃၀ အတွင်း ခရိုင်အုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်သည်။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ငွေပမာဏနှင့် စပ်လျဉ်း၍ လိုအပ်သလို ပြင်ဆင်နိုင်သည်။

(ဂ) ခရိုင်အုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

## အခန်း (၁၂)
## တားမြစ်ချက်များ

၃၉။ မည်သူမျှ ဆည်မြောင်း သို့မဟုတ် လယ်ကြားမြောင်းကို ပျက်စီးစေခြင်း၊ ပြောင်းလဲစေခြင်း၊ ချဲ့ထွင်ခြင်း သို့မဟုတ် တားဆီးပိတ်ဆို့ခြင်း မပြုရ။

၄၀။ မည်သူမျှ ဆည်မြောင်း သို့မဟုတ် လယ်ကြားမြောင်းရေပေးဝေမှု သို့မဟုတ် ယင်းတို့မှ ပုံမှန်ရေစီးဆင်းမှုကို နှောင့်ယှက်ခြင်း၊ ပိုမိုများပြားအောင် ပြုလုပ်ခြင်း သို့မဟုတ် ယုတ်လျော့အောင် ပြုလုပ်ခြင်း မပြုရ။

၄၁။ မည်သူမျှ လယ်ကြားမြောင်းမှရေကို အကျိုးမဲ့ဖြစ်စေခြင်း၊ ရေပေးဝေမှုကို နှောင့်ယှက်ခြင်း သို့မဟုတ် ခွင့်ပြုချက်မရရှိသည့် နည်းလမ်းဖြင့် ရေကိုအသုံးပြုခြင်း မပြုရ။

၄၂။ မည်သူမျှ ဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်းအတွင်းသို့ ဆင်း၍ ရေချိုးခြင်း၊ ပစ္စည်းတစ်ခုခုကို လျှော်ဖွပ်ဆေးကြောခြင်း၊ ငါး၊ ပုစွန်ဖမ်းခြင်း၊ ရေကို ညစ်ညမ်းစေခြင်း သို့မဟုတ် တိရစ္ဆာန်များကို ရေတိုက်ခြင်း မပြုရ။

၄၃။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဆည်မြောင်းအတွင်းသို့ ရေယာဉ်ဖြင့် ဝင်ရောက်ခြင်း၊ သွားလာခြင်း သို့မဟုတ် ရပ်နားခြင်း မပြုရ။

၄၄။ မည်သူမျှ ဆည်မြောင်းနယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း၊ ကျူးကျော်စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ။

၄၅။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဆည်မြောင်းနယ်နိမိတ်တိုင်၊ ရေပြင် အနိမ့်အမြင့်တိုင်း မှတ်တိုင် သို့မဟုတ် ရေတိုင်းမှတ်တိုင်တစ်ခုခုကို ဖျက်ဆီးခြင်း သို့မဟုတ် ရွှေ့ပြောင်းဖယ်ရှားခြင်း မပြုရ။

၄၆။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်း၏ လုပ်ငန်းများ၊ ရေမြောင်းများကို ဖြတ်သန်းခြင်း၊ တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း သို့မဟုတ် ရေယာဉ်များ မောင်းနှင်ခြင်း မပြုရ။

၄၇။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဆည်မြောင်းနယ်နိမိတ် သို့မဟုတ် မြောင်းပေါင်များပေါ်တွင် ယာဉ်များ ဖြတ်သန်းမောင်းနှင်ခြင်း၊ စက်ယန္တရားတစ်စုံတစ်ရာ တပ်ဆင်အသုံးပြုခြင်း မပြုရ။

၄၈။ မည်သူမျှ မြောင်းပေါင်ပေါ်တွင် တိရစ္ဆာန်များ လွှတ်ကျောင်း စားကျက်ချခြင်း မပြုရ။

၄၉။ မည်သူမျှ ဆည်မြောင်းပေါ်တွင် ရေတိုက်စားမှုကာကွယ်ရန် ဦးစီးဌာနက ထိန်းသိမ်းထားသော မြက်ပင်၊ ကိုင်းပင်နှင့်အကာအကွယ်ပစ္စည်းတို့ကို ဖျက်ဆီးခြင်း မပြုရ။

## အခန်း (၁၃)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၀။ မည်သူမဆို ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၅ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၁။ မည်သူမဆို ပုဒ်မ ၄၁၊ ပုဒ်မ ၄၂ ၊ ပုဒ်မ ၄၆၊ ပုဒ်မ ၄၇၊ ပုဒ်မ ၄၈ နှင့် ပုဒ်မ ၄၉ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၄)
## အထွေထွေ

၅၂။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၃။ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ) အရ တာဝန်ပေးအပ်ခြင်းခံရသူများသည် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၄။ ရေကို ခွင့်မပြုသောနည်းလမ်းဖြင့် သုံးစွဲမှုနှင့် ရေဆုံးရှုံးမှုတို့အတွက် တာဝန်ရှိသူကို တရားစွဲဆို နိုင်သည့်အပြင် ပုံမှန်ကောက်ခံသော ရေခွန်လည်း စည်းကြပ်ကောက်ခံနိုင်သည်။

၅၅။ The Canal Act. (Burma Act II,1905.) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

၅၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

**၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ (မူကြမ်း)**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။ )**

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေ (BURMA ACT NO. III OF 1948.) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

**ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်ခန့်အပ်ခြင်း**

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၆) ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်အဖြစ် ဦးတင်အောင်ချို၊ လက်ထောက်ဌာနေကိုယ်စားလှယ် (ငြိမ်း)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) အား ထည့်သွင်းဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၆၅၆/၂၀၁၇)

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး၊ တွဲဖက်မြို့နယ်တရားသူကြီးနှင့် ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့်ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့်မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးကျော်ကိုကိုနိုင်<br>တ/၃၁၀၂ | တာချီလိတ်<br>ရှမ်းပြည်နယ် |
| ၂။ | ဒေါ်အေးယုမွန်<br>တ/၃၁၂၂ | ကျိုင်းတုံ<br>ရှမ်းပြည်နယ် |
| ၃။ | ဒေါ်နှင်းဟေမာန်ဝင့်<br>တ/၃၁၃၉ | တောင်ဥက္ကလာပ<br>ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဒေါ်ဝင့်ဝါကျော်<br>တ/၃၁၄၂ | အောင်မြေသာစံ<br>မန္တလေးတိုင်းဒေသကြီး |
| ၅။ | ဦးဖြိုးဟန်ထွန်း<br>တ/၃၁၆၅ | ဘုတ်ပြင်း<br>တနင်္သာရီတိုင်းဒေသကြီး |
| ၆။ | ဦးကျော်ဇေယျာအောင်<br>တ/၃၂၀၈ | မောက်မယ်<br>ရှမ်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၆၆၅/၂၀၁၇)

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)

၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၈/၂၀၁၇) ၏ သဘောတူခွင့်ပြုချက်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး (၄) ရုံး၏ ဖွဲ့စည်းပုံကို အတည်ပြုပေးခဲ့ပြီးဖြစ်၍ ယင်းဖွဲ့စည်းပုံအရ တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးကို ဖွင့်လှစ်ခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၆၆၉/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်

(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၆၆၅/၂၀၁၇ အရ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးအား ဖွဲ့စည်းထားရှိပြီး ဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၃ အရ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးအား အောက်ဖော်ပြပါ မြို့နယ်များတွင်ဖြစ်ပွားသော ရာဇဝတ်မှုများနှင့် တရားမမှုများကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းလိုက်သည် -

(က) ရွာငံမြို့နယ်

(ခ) ပင်းတယမြို့နယ်

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၆၉၃/၂၀၁၇)**

၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်သက်သက်ဖူး<br>တ/၂၁၄၂ | ကော့မှူး<br>ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဒေါ်အေးမြတ်မွန်<br>တ/၂၉၄၁ | တောင်ငူ<br>ပဲခူးတိုင်းဒေသကြီး |
| ၃။ | ဒေါ်ခင်ချိုဝင်း<br>တ/၃၀၃၄ | ညောင်ရွှေ<br>ရှမ်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၆၉၄/၂၀၁၇)

၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးမျိုးမြင့်ဦး<br>တ/၂၇၉၇ | တွံတေး<br>ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဒေါ်ခိုင်ခိုင်မိုး<br>တ/၂၉၃၅ | ဆင်ပေါင်ဝဲ<br>မကွေးတိုင်းဒေသကြီး |
| ၃။ | ဦးချစ်ကိုကို<br>တ/၂၂၀၁ | ဒဂုံမြို့သစ် (ဆိပ်ကမ်း)<br>ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဒေါ်နန်းရွှန်းလဲ့<br>တ/၂၉၉၅ | ငပုတော<br>ဧရာဝတီတိုင်းဒေသကြီး |
| ၅။ | ဦးလွှမ်းမိုးအောင်<br>တ/၃၀၂၈ | ပေါက်<br>မကွေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၇

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

### အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များ လျှောက်ထားနိုင်ကြောင်းကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀၀ (ခ) အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့်ရယူခဲ့ခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အတည်ပြုမိန့် လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအနေဖြင့် ယင်းအတည်ပြုမိန့်ရရှိသော်လည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၇၅ ပါ ဝင်ငွေခွန် ကင်းလွတ်ခွင့်ကို တင်ပြလျှောက်ထားနိုင်မည် မဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံ

ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၇ (ခ)၊ (ဂ) နှင့် (ဃ) ပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားခွင့် ရရှိလိုပါက တင်ပြလျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

ကျော်ဝင်း
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် ၁/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

**အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ အကြံပေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သော **ကျွမ်းကျင်ပညာရှင်အဖွဲ့ (အကြံပေးအဖွဲ့)** တွင် အောက်ပါအဖွဲ့ဝင်များအား ပူးတွဲပါ ရာထူးများဖြင့် ပြင်ဆင် ဖွဲ့စည်းလိုက်သည် -

| **စဉ်** | **အမည်/လက်ရှိရာထူး** | **ပြောင်းလဲခန့်ထားသည့်ရာထူး** |
|---|---|---|
| ၁။ | ဦးချိုချို | |
| | တွဲဖက်အတွင်းရေးမှူး | ဥက္ကဋ္ဌ |
| | အကြံပေးအဖွဲ့ | အကြံပေးအဖွဲ့ |
| ၂။ | ဒေါက်တာ ခင်မောင်လွင် | |
| | အဖွဲ့ဝင် | တွဲဖက်အတွင်းရေးမှူး |
| | အကြံပေးအဖွဲ့ | အကြံပေးအဖွဲ့ |

ဥက္ကဋ္ဌ (ကိုယ်စား)
ထွန်းလွင်ဦး၊ အတွင်းရေးမှူး
အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇**

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော တတိယအကြိမ် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် ၄၂ (စ) အရ အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့သည့် ဆပ်ကော်မတီ (၄) ခုအနက် ဘဏ္ဍာရေး ဆပ်ကော်မတီ၌ ညွှန်ကြားရေးမှူး၊ ဘဏ္ဍာရေးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအား အဖွဲ့ဝင် အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
ဇော်မင်းဦး၊ အတွင်းရေးမှူး
အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇**

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီသည် ၂၀၁၈ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ်သတ်မှတ်ခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**၂၀၁၈ ခုနှစ်အတွက် ပြည်ပမှမော်တော်ယာဉ် တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာ**

၁။ မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမှ ၂၀၁၈ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းတွင် ထုတ်လုပ်သည့် ခုနှစ်အား အောက်ဖော်ပြပါအတိုင်း သတ်မှတ်လိုက်သည် -

(က) **ယာဉ်အို/ယာဉ်ဟောင်းအစီအစဉ် (Consignment စနစ်အပါအဝင်)**

(၁) လူစီးမော်တော်ယာဉ်များ (၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များ အပါအဝင်) - ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)

(၂) ကုန်တင်ယာဉ်များ - ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)

(၃) ခရီးသည်တင်ယာဉ်များ (Mini Bus/ City Bus/ Express Bus) - ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)

(ခ) **လူပုဂ္ဂိုလ်တစ်ဦးချင်းအစီအစဉ်**

(၁) လူစီးမော်တော်ယာဉ်များ (၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များ အပါအဝင်) - ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)

(၂) ကုန်တင်ယာဉ်များ - ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)

(၃) ခရီးသည်တင်ယာဉ်များ (Mini Bus/ City Bus/ Express Bus) - ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)

(ဂ) **ပုံမှန်လိုင်စင်ဖြင့် မော်တော်ယာဉ်လျှောက်ထားမှု (FOC စနစ်ဖြင့် ပြည်ပမှ လှူဒါန်းသည့် မော်တော်ယာဉ်ပါမစ်လျှောက်ထားမှုအပါအဝင်)**

(၁) လူစီးမော်တော်ယာဉ်များ - ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)

(၂) လုပ်ငန်းသုံးယာဉ်များ - ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)

(၃) ယန္တရားများ - ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း

(၄) မီးသတ်ယာဉ် - ၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)

(၅) လူနာတင်ယာဉ် - ၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)

(၆) နိဗ္ဗာန်ယာဉ် - ၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)

(၇) သာသနာရေးဆိုင်ရာယာဉ်များ - ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)

(၈) ခရီးသည်တင်ယာဉ်များ (Mini Bus/ City Bus/ Express Bus) (၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း) (ဘယ်မောင်း)

(ဃ) **အစိုးရဌာနများမှ မော်တော်ယာဉ်လျှောက်ထားမှု**

(၁) လူစီးမော်တော်ယာဉ်များ - ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)

(၂) လုပ်ငန်းသုံးယာဉ်များ - ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (ဘယ်မောင်း)

(၃) ယန္တရားများ - ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း

(၄) ခရီးသည်တင်ယာဉ်များ (Mini Bus/ City Bus/ Express Bus) (၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း) (ဘယ်မောင်း)

**မှတ်ချက်။** (က) နိုင်ငံတော်အတွက်လျှုဒါန်းသည့် မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များ လျှောက်ထားရာတွင် ၂၀၀၄ ခုနှစ်မော်ဒယ်အထိသာ လက်ခံဆောင်ရွက်ပေးပါမည်။

(ခ) အများပြည်သူသုံး လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း မရှိသည့် Excavator၊ Bulldozre၊ Wheel Loader၊ Vibratory Rollr၊ Clamp Loader၊ Motor Grader၊ Road Roller Compactor၊ Bridge Crane၊ Gantry Crane၊ Tower Crane၊ Pilling Machine၊ Crawler Drill/Crane၊ Overhead Travelling Crane၊ Mobile Crane၊ Rough-Terrain Crane၊ Forklift၊ Boom Lift၊ Asphalt Finisher (ကတ္တရာခင်းစက်) စသည့် လုပ်ငန်းသုံးယန္တရားများအား လွန်ခဲ့သော (၁၅) နှစ်အတွင်း ထုတ်လုပ်သည့် ယာဉ်များအဖြစ် တင်သွင်းခွင့်ပြုပါမည်။

(ဂ) နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ဝယ်ယူခြင်းအတွက် အထက်အပိုဒ် (၁)၊ (က) နှင့် (ခ) ပါ သတ်မှတ်ချက်အတိုင်း အရောင်းစင်တာ/အရောင်းပြခန်းမှ ဝယ်ယူခွင့်ပြုပါမည်။

(ပုံ) ဒေါက်တာသန်းမြင့်
ဥက္ကဋ္ဌ
မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော
လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၄၄၈/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ မော်လုံကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၀၀ ခ/မောင်မခေါ်အနောက်ကွင်း)၊ ဦးပိုင်အမှတ် (၁/၅) မှ **မြေဧရိယာ (၄. ၄၂) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ **(၂၆,၅၂၀/-)** ရှုန်းဖြင့် **ဦးသန်းထွန်း [၇/တကန (နိုင်) ၀၆၃၄၁၁] ဒု- ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ခ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၄၄၉/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ မော်လုံကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၀၀ ခ/မောင်မခေါ်အနောက်ကွင်း)၊ ဦးပိုင်အမှတ် (၁/၇၊ ၁/၈၊ ၁/၁၀ က၊ ၁/၁၀ ခ၊ ၁/၁၂၊ ၂/၁ ) တို့မှ **မြေဧရိယာ (၃. ၈၇) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၉၁,၂၂၀/-)** ရှုန်းဖြင့် **ဦးသန်းထွန်း [၇/တကန (နိုင်) ၀၆၃၄၁၁] ဒု- ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၄၅၀/၂၀၁၆)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၉$^{က}$/မိုးခုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၆/၂၊ ၅/၃$^{-၁}$၊ ၇/၂$^{-၁}$၊ ၈/၁၊ ၈/၃၊ ၉၊ ၁၉/၂၊ ၁၇/၁၊ ၁၇/၂) တို့မှ **မြေဧရိယာ (၆၂. ၇၁) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၇၅၂,၅၂ဝိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ဝ၆၃၄၁၁] ဒု- ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၄၅၁/၂၀၁၆)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၉$^{က}$/မိုးခုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၇/၁၊ ၇/၂$^{-၂}$) မှ **မြေဧရိယာ (၁၀. ၇၂) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၂၈,၆၄ဝိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ဝ၆၃၄၁၁] ဒု- ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၄၅၂/၂၀၁၆)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၉$^{က}$/မိုးခုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၉/၄) မှ **မြေဧရိယာ (၁၀. ၄၈) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၂၅,၇၆ဝိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ဝ၆၃၄၁၁] ဒု- ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၄၅၃/၂၀၁၆)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၉$^{က}$/မိုးခုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၅/၃$^{-၂}$) မှ **မြေဧရိယာ (၁. ၇၀) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၂၀,၄၀ဝိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ဝ၆၃၄၁၁] ဒု- ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ခ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၄၅၄/၂၀၁၆)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၉$^{က}$/ မိုးခုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၅/၃$^{-၄}$၊ ၆/၃) မှ **မြေဧရိယာ (၁၀. ၃၅) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၂၄,၂၀ဝိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ဝ၆၃၄၁၁] ဒု- ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၄၅၅/၂၀၁၆)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ကော့ခဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၀၈$^{က}$/ ပေါက်တောအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၀/၁$^{-၂}$) မှ မြေဧရိယာ (၆. ၄၉) ဧက၊ ဦးပိုင်အမှတ် (၁၀/၂) မှ

မြေဧရိယာ (၇. ၁၀) ဧက၊ ဦးပိုင်အမှတ် (၁၀/၃-၂) မှ မြေဧရိယာ (၉. ၀၉) ဧက၊ ဦးပိုင်အမှတ် (၁၀/၄) မှ မြေဧရိယာ (၈. ၉၄) ဧက၊ ဦးပိုင်အမှတ် (၁၀/၅) တို့မှ မြေဧရိယာ (၄. ၇၄) ဧက၊ ဦးပိုင်အမှတ် (၁၀/၆-၂) မှ မြေဧရိယာ (၅. ၅၄) ဧက၊ **စုစုပေါင်းမြေဧရိယာ (၄၁. ၉၀) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၅၀၂,၈၀၀ိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၅၆/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ကော့ခဲ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၀၈က/ပေါက်တောအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၂/၁) မှ **မြေဧရိယာ (၉. ၆၂) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၁၅,၄၄၀ိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၅၇/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ကော့ခဲ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၀၈က/ပေါက်တောအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၁) မှ **မြေဧရိယာ (၁၇. ၂၂) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၂၀၆,၆၄၀ိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၅၈/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ကော့ခဲ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၀၈က/ပေါက်တောအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁/၂) မှ မြေဧရိယာ (၂. ၃၈) ဧက၊ ဦးပိုင်အမှတ် (၁/၃) မှ မြေဧရိယာ (၁၄. ၈၃) ဧက၊ ဦးပိုင်အမှတ် (၁၀/၁-၁) မှ မြေဧရိယာ (၃. ၂၆) ဧက၊ ဦးပိုင်အမှတ် (၁၀/၃-၁) မှ မြေဧရိယာ (၀. ၈၇) ဧက၊ ဦးပိုင်အမှတ် (၁၀/၆-၁) မှ မြေဧရိယာ (၁. ၁၇) ဧက၊ **စုစုပေါင်းမြေဧရိယာ (၂၂. ၅၁) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၂၇၀,၁၂၀ိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၅၉/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ကော့ခဲ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၀၈က/ပေါက်တောအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၅/၂-၂) မှ **မြေဧရိယာ (၂. ၂၉) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၂၇,၄၈၀ိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ခ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၆၀/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ကော့ချဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၀၈ဏ/ပေါက်တောအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၃-၂၊၁၄-၂၊၁၅/၂) မှ **မြေဧရိယာ (၁၅. ၃၁) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၈၃,၇၂၀ိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၆၁/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ကော့ချဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၀၈ဏ/ပေါက်တောအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၃-၁၊၁၄-၁ ၊ ၉ ၊ ၈/၄) တို့မှ **မြေဧရိယာ (၃၅. ၄၂) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၄၂၅,၀၄၀ိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၆၂/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ကော့ချဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၀၈ဏ/ပေါက်တောအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၈/၂၊ ၈/၃၊ ၅/၂-၁) တို့မှ **မြေဧရိယာ (၂၇. ၈၈) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၃၃၄,၅၆၀ိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၈၁/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ နေပူကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၀၀ခ/ကျောက်ပုဏ္ဏားအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၄၆) မှ မြေဧရိယာ (၈. ၀၀) ဧက၊ ဦးပိုင်အမှတ် (၁၄၇) မှ မြေဧရိယာ (၆. ၅၅) ဧက၊ ဦးပိုင်အမှတ် (၁၄၈) မှ မြေဧရိယာ (၄. ၃၂) ဧက၊ ဦးပိုင်အမှတ် (၁၄၉) မှ မြေဧရိယာ (၄. ၅၀) ဧက၊ ဦးပိုင်အမှတ် (၁၅၀) မှ မြေဧရိယာ (၁၀. ၄၀) ဧက၊ **စုစုပေါင်း မြေဧရိယာ (၃၃. ၇၇) ဧက** အား **စက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၂၀၂,၆၂၀ိ/-)** နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ၀၆၆၁၆၅] ဥက္ကဋ္ဌ၊ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၈၂/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ပဲချက်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၅၈၁/တောင်ကြီးတက်ကွင်း)၊ ဦးပိုင်အမှတ် (၇၀) မှ **မြေဧရိယာ (၅. ၆၈) ဧက** အား **စက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၃၄,၀၈ဝိ/-)** နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ၀၆၆၁၆၅] ဥက္ကဋ္ဌ၊ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့

အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၈၃/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကညင်မြောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၀၂$^{ခ}$/ရေအိုးမြှုပ်အရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၄၆) မှ မြေဧရိယာ (၂. ၅၀) ဧက၊ ဦးပိုင်အမှတ် (၄၇) မှ မြေဧရိယာ (၂. ၅၀) ဧက၊ ဦးပိုင်အမှတ် (၄၈) မှ မြေဧရိယာ (၂. ၅၈) ဧက၊ ဦးပိုင်အမှတ် (၄၉) မှ မြေဧရိယာ (၁. ၂၉) ဧက၊ ဦးပိုင်အမှတ် (၅၀) မှ မြေဧရိယာ (၃. ၅၀) ဧက၊ ဦးပိုင်အမှတ် (၅၁) မှ မြေဧရိယာ (၂. ၆၂) ဧက၊ ဦးပိုင်အမှတ် (၅၂) မှ မြေဧရိယာ (၃. ၉၇) ဧက၊ ဦးပိုင်အမှတ် (၅၃) မှ မြေဧရိယာ (၂. ၃၀) ဧက၊ ဦးပိုင်အမှတ် (၅၄) မှ မြေဧရိယာ (၆. ၀၀) ဧက၊ ဦးပိုင်အမှတ် (၅၅) မှ မြေဧရိယာ (၁၀. ၁၂) ဧက၊ ဦးပိုင်အမှတ် (၅၆) မှ မြေဧရိယာ (၀. ၅၈) ဧက၊ ဦးပိုင်အမှတ် (၅၈) မှ မြေဧရိယာ (၀. ၃၂) ဧက၊ ဦးပိုင်အမှတ် (၅၉) မှ မြေဧရိယာ (၁. ၄၇) ဧက၊ ဦးပိုင်အမှတ် (၆၀) မှ မြေဧရိယာ (၂. ၂၆) ဧက၊ ဦးပိုင်အမှတ် (၆၁) မှ မြေဧရိယာ (၀. ၆၀) ဧက၊ **စုစုပေါင်းမြေဧရိယာ (၄၂. ၆၁) ဧက** အား **စက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၂၅၅,၆၆၀ိ/-)** နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ၀၆၆၁၆၅] ဥက္ကဋ္ဌ၊ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၈၄/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကညင်မြောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၀၂$^{ခ}$/ရေအိုးမြှုပ်အရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၅၇) မှ **မြေဧရိယာ (၃. ၅၀) ဧက** အား **စက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၂၁,၀၀၀ိ/-)** နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ၀၆၆၁၆၅] ဥက္ကဋ္ဌ၊ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ခ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၈၅/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ဝက်ခေါက်စိန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၀၆$^{ခ}$/လယ်ချင်းစုကွင်း)၊ ဦးပိုင်အမှတ် (၅၅) မှ **မြေဧရိယာ (၅. ၅၉) ဧက** အား **နိုင်ငံတကာအဆင့်မီ စက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၃၃,၅၄၀ိ/-)** နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ၀၆၆၁၆၅] ဥက္ကဋ္ဌ၊ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၈၆/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၉$^{က}$/မိုးစုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၈$^{က-၁}$၊ ၁၈$^{ခ}$) မှ **မြေဧရိယာ (၂၁. ၅၀) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၂၅၈, ၀၀၀ိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၉၁/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၉$^{\text{က}}$/မိုးခုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၀$^{\text{က}/\text{၁-၁}}$) မှ **မြေဧရိယာ (၁. ၇၇) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၂၁,၂၄၀ိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ခ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၉၂/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၉$^{\text{က}}$/မိုးခုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၅/၂$^{-\text{၁}}$၊ ၁၆$^{-\text{၂}}$၊ ၂၄/၁၊ ၂၄/၂) မှ **မြေဧရိယာ (၄၉. ၀၂) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၅၈၈,၂၄၀ိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၉၃/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၉$^{\text{က}}$/မိုးခုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၃/၂ ၊၁၃/၄၊ ၁၄/၂) မှ **မြေဧရိယာ (၁၈. ၅၀) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၂၂၂,၀၀၀ိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၉၄/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၉$^{\text{က}}$/မိုးခုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၆$^{-\text{၁}}$) မှ **မြေဧရိယာ (၃. ၃၂) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၃၉,၈၄၀ိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ခ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၉၅/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၉$^{\text{က}}$/မိုးခုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၀$^{\text{က}/\text{၁-၃}}$) မှ **မြေဧရိယာ (၀. ၂၈) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၃,၃၆၀ိ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ၀၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (က) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၉၆/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၉$^{က}$/မိုးခုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၀$^{က/၁-၂}$) မှ **မြေဧရိယာ (၀. ၅၃) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၆,၃၆ဝ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ဝ၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (က) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၉၇/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၉$^{က}$/ မိုးခုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၂/၂) မှ **မြေဧရိယာ (၁၂. ၉၇) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၅၅,၆၄ဝ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ဝ၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၉၈/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၉$^{က}$/မိုးခုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၅/၂$^{-၂}$) မှ **မြေဧရိယာ (၂. ၁၅) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၂၅,၈ဝဝ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ဝ၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ခ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၉၉/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ လသာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၂၉$^{က}$/မိုးခုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၁/၃၊ ၁၁/၄) မှ **မြေဧရိယာ (၇. ၄၉) ဧက** အား **မြို့ပြဥယျာဉ်စီမံကိန်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၈၉,၈၈ဝ/-)** နှုန်းဖြင့် **ဦးသန်းထွန်း [၇/တငန (နိုင်) ဝ၆၃၄၁၁] ဒု-ဥက္ကဋ္ဌ၊ ဟံသာဝတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၀၀/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ နေပူကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၅၈၇/နေပူကုန်းကွင်း)၊ ဦးပိုင်အမှတ် (၁၉၈) မှ **မြေဧရိယာ (၅. ဝ၅) ဧက** အား **နိုင်ငံတကာစက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင်မြေငှားရမ်းခ **(၆ဝ,၆ဝဝ/-)** နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ဝ၆၆၀၆၅] ဥက္ကဋ္ဌ၊ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၄၁/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကညင်မြောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၀၂ိ/ရေအိုးမြှုပ်တောင်ကွင်း)၊ ဦးပိုင်အမှတ် (၅၄) မှ **မြေဧရိယာ (၂. ၈၄) ဧက** အား **စက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၇,၀၄၀/-)** နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ၀၆၆၁၆၅] ဥက္ကဋ္ဌ၊ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ခ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၄၂/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကညင်မြောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၀၂ိ/ရေအိုးမြှုပ်တောင်ကွင်း)၊ ဦးပိုင်အမှတ် (၄၀) မှ မြေဧရိယာ (၀. ၆၈) ဧက၊ ဦးပိုင်အမှတ် (၄၇) မှ မြေဧရိယာ (၁. ၈၁) ဧက၊ ဦးပိုင်အမှတ် (၄၈) မှ မြေဧရိယာ (၀. ၅၀)ဧက၊ **စုစုပေါင်းမြေဧရိယာ (၂. ၉၉) ဧက** အား **စက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၇,၉၄၀/-)** နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ၀၆၆၁၆၅] ဥက္ကဋ္ဌ၊ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ခ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၄၃/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကညင်မြောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၀၂ိ/ရေအိုးမြှုပ်တောင်ကွင်း)၊ ဦးပိုင်အမှတ် (၅၆) မှ **မြေဧရိယာ (၃. ၁၅) ဧက** အား **စက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၈,၉၀၀/-)** နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ၀၆၆၁၆၅] ဥက္ကဋ္ဌ၊ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ခ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၄၄/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကညင်မြောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၀၂ိ/ရေအိုးမြှုပ်တောင်ကွင်း)၊ ဦးပိုင်အမှတ် (၄၆) မှ မြေဧရိယာ (၄. ၀၄) ဧက၊ ဦးပိုင်အမှတ် (၄၉) မှ မြေဧရိယာ (၀. ၉၃) ဧက၊ ဦးပိုင်အမှတ် (၅၅) မှ မြေဧရိယာ (၂. ၃၂) ဧက၊ ဦးပိုင်အမှတ် (၅၇) မှ မြေဧရိယာ (၂. ၈၅) ဧက၊ **စုစုပေါင်းမြေဧရိယာ (၁၀. ၁၄) ဧက** အား **စက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၆၀,၈၄၀/-)** နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ၀၆၆၁၆၅] ဥက္ကဋ္ဌ၊ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၄၅/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကညင်မြောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၀၂ိ/ရေအိုးမြှုပ်တောင်ကွင်း)၊ ဦးပိုင်အမှတ် (၅၃) မှ **မြေဧရိယာ (၂. ၇၀) ဧက** အား၊ **စက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၆,၂၀၀/-)** နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ၀၆၆၁၆၅] ဥက္ကဋ္ဌ၊ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့

အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ခ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၄၆/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကညင်မြောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၀၂ ^ဂ/ရေအိုးမြုပ်တောင်ကွင်း)၊ ဦးပိုင်အမှတ် (၄၁) မှ မြေဧရိယာ (၀. ၂၇) ဧက၊ ဦးပိုင်အမှတ် (၄၃) မှ မြေဧရိယာ (၀. ၄၂) ဧက၊ ဦးပိုင်အမှတ် (၄၄) မှ မြေဧရိယာ (၀. ၃၅) ဧက၊ ဦးပိုင်အမှတ် (၅၀) မှ မြေဧရိယာ (၂. ၇၇) ဧက၊ ဦးပိုင်အမှတ် (၅၁) မှ မြေဧရိယာ (၂. ၈၀) ဧက၊ **စုစုပေါင်းမြေဧရိယာ (၆. ၆၂) ဧက** အား၊ **စက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၃၉,၇၂၀ိ/-)** နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ၀၆၆၁၆၅] ဥက္ကဋ္ဌ၊ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၄၇/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကညင်မြောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၀၂ ^ဂ/ရေအိုးမြုပ်တောင်ကွင်း)၊ ဦးပိုင်အမှတ် (၅၂) မှ **မြေဧရိယာ (၂. ၇၄) ဧက** အား၊ **စက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၆,၄၄၀ိ/-)** နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ၀၆၆၁၆၅] ဥက္ကဋ္ဌ၊ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ခ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၄၈/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကညင်မြောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၀၂ ^ဂ/ရေအိုးမြုပ်တောင်ကွင်း)၊ ဦးပိုင်အမှတ် (၄၂) မှ မြေဧရိယာ (၀. ၄၇) ဧက၊ ဦးပိုင်အမှတ် (၄၅) မှ မြေဧရိယာ (၀. ၉၆) ဧက၊ **စုစုပေါင်းမြေဧရိယာ (၁. ၄၃) ဧက** အား **စက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၈,၅၈၀ိ/-)** နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ၀၆၆၁၆၅] ဥက္ကဋ္ဌ၊ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ခ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၄၉/၂၀၁၆)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ဝက်ခေါက်စိန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆၀၁ ^ဃ/ဖောင်ဆိပ်အရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၅၆) မှ မြေဧရိယာ (၉. ၅၀) ဧက၊ ဦးပိုင်အမှတ် (၅၇) မှ မြေဧရိယာ (၆. ၀၀) ဧက၊ ဦးပိုင်အမှတ် (၅၈) မှ မြေဧရိယာ (၁၃. ၁၃) ဧက၊ ဦးပိုင်အမှတ် (၆၀) မှ မြေဧရိယာ (၁၂. ၀၀) ဧက၊ ဦးပိုင်အမှတ် (၆၂) မှ မြေဧရိယာ (၉. ၇၂) ဧက၊ ဦးပိုင်အမှတ် (၆၃) မှ မြေဧရိယာ (၉. ၅၀) ဧက၊ **စုစုပေါင်းမြေဧရိယာ (၅၉. ၈၅) ဧက** အား **စက်မှုဥယျာဉ်မြို့တော်** တည်ဆောက်ရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၃၅၉,၁၀၀ိ/-)** နှုန်းဖြင့် **ဒေါ်ခင်လှလှ [၇/တငန (နိုင်) ၀၆၆၁၆၅] ဥက္ကဋ္ဌ၊ ကေတုမတီဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၇**

၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရွေးချယ်ပေးသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) များအဖြစ် ခန့်ထားလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | အဘအမည် |
|---|---|---|---|
| ၁။ | ဦးသီဟ | ၉/မဟမ (နိုင်) ၀၂၂၅၀၉ | ဦးကြင်ဆောင် |
| ၂။ | ဒေါ်ခင်စန်းကြည် | ၉/လဝန (နိုင်) ၂၁၆၄၄၁ | ဦးကြည်စိုး |
| ၃။ | ဒေါ်မြင့်မြင့်သိဏ်း | ၉/အမဇ (နိုင်) ၀၄၁၉၀၄ | ဦးထွန်းမြင့် |
| ၄။ | ဒေါ်အိအိမွှေး | ၉/စကတ (နိုင်) ၀၈၀၉၇၀ | ဦးတင်အုန်း |
| ၅။ | ဒေါ်ဖူးငုံဝင်း (ခ) ဖူးငုံ | ၉/တတဉ (နိုင်) ၀၉၂၈၈၁ | ဦးဝင်းမောင် |
| ၆။ | ဦးမင်းထွေး | ၅/မရန (နိုင်) ၂၄၆၇၄၇ | ဦးမြအုန်း |
| ၇။ | ဒေါ်သစ်နှင်းထွန်း | ၁/မညန (နိုင်) ၁၁၉၀၆၉ | ဦးထွန်းပို |
| ၈။ | ဒေါ်သိမ့်သဥ္ဇာအောင် | ၁၂/ရကန (နိုင်) ၀၇၉၅၀၄ | ဦးအောင်စိုးဦး |
| ၉။ | ဒေါ်နှင်းနှင်းဝေ | ၉/မကန (နိုင်) ၁၁၂၀၅၉ | ဦးမြင့်သောင်း |
| ၁၀။ | ဦးသန်းမြတ်စိုး | ၅/ဘတလ (နိုင်) ၀၇၃၃၂၀ | ဦးဟံဆွေမြင့် |
| ၁၁။ | ဦးထက်အောင် | ၉/ပဘန (နိုင်) ၁၈၅၀၆၃ | ဦးမင်းအောင် |
| ၁၂။ | ဒေါ်ဒေလီယာအောင်စိုး | ၁၂/အစန (နိုင်) ၂၀၅၀၈၄ | ဦးအောင်စိုး |
| ၁၃။ | ဒေါ်တင်စန္ဒာဝင်း | ၁၂/တမန (နိုင်) ၁၁၅၉၄၄ | ဦးစံကျော်လှိုင် |
| ၁၄။ | ဒေါ်ခိုင်မွန်သန့် | ၅/ဝလန (နိုင်) ၁၃၉၈၄၇ | ဦးစိန်သန်း |
| ၁၅။ | ဒေါ်လှမျက်ခြယ် | ၈/ဂဂန (နိုင်) ၀၈၅၉၉၈ | ဦးလှဆွေ |
| ၁၆။ | ဒေါ်ခင်မာဝေ | ၉/မထလ (နိုင်) ၂၆၈၀၉၇ | ဦးသက်ဝေ |
| ၁၇။ | ဦးသူရိန်ထွန်း | ၈/မကန (နိုင်) ၁၈၁၆၀၄ | ဦးတင်မြ |
| ၁၈။ | ဦးထူးရွှေကို | ၇/တငန (နိုင်) ၁၇၁၅၀၇ | ဦးတင့်ဆွေ |
| ၁၉။ | ဒေါ်နှင်းအိမွန် | ၈/တတက (နိုင်) ၁၅၉၃၄၄ | ဦးမြင့်သိန်း |
| ၂၀။ | ဒေါ်နှင်းနုနုအောင် | ၈/မကန (နိုင်) ၂၅၀၉၁၃ | ဦးအောင်ဝင်း |

ကျော်တင့်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

အမှတ် ၈၂။ ။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၇) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အောက်ဖော်ပြပါ ဝါရင့်ဂီတပညာရှင် (၂) ဦးတို့အား အထူးကိစ္စတစ်ရပ်အနေဖြင့် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါကာလမှစ၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ကျွမ်းကျင်သူများအဖြစ် လစဉ်ထောက်ပံ့ငွေ (၂၅၀,၀၀၀/-) ဖြင့် တစ်နှစ် ခန့်ထားလိုက်သည် -

| စဉ် | အမည် | ခန့်ထားသည့်ကာလ | ခန့်သည့်အကြိမ် |
|---|---|---|---|
| (က) | ဦးစိုးသိန်း<br>(နိုင်ငံတော်ဆိုင်းဝိုင်းကြီးအဖွဲ့) | ၂၂-၇-၂၀၁၇ ရက်မှ ၂၁-၇-၂၀၁၈ ရက်နေ့အထိ | ပထမအကြိမ် |
| (ခ) | ဦးဝင်းငွေ<br>(နိုင်ငံတော်သံစုံတီးဝိုင်း) | ၂၂-၇-၂၀၁၇ ရက်မှ ၂၁-၇-၂၀၁၈ ရက်နေ့အထိ | ပထမအကြိမ် |

အမှတ် ၈၃။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗီဒီယို ဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများအခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရ လည်းကောင်း ဗီဒီယိုလုပ်ငန်းများစိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**မွန်ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဦးလှဝင်းတင်<br>ပြည်နယ်အုပ်ချုပ်ရေးမှူး<br>မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ရဲမှူးကြီးဘိုဘိုဦး<br>ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးဇော်နိုင်လင်း<br>ပြည်နယ်မန်နေဂျာ<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဃ) | ဦးသိန်းဇော်<br>ပြည်နယ်ဥပဒေအရာရှိ<br>မွန်ပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (င) | ဦးမြင့်အောင်<br>ညွှန်ကြားရေးမှူး<br>မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဦးမောင်မောင်ဦး<br>ဥက္ကဋ္ဌ<br>မွန်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ | အဖွဲ့ဝင် |

(ဆ) ဦးထိန်လင်းအောင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
မွန်ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)

အမှတ် ၈၄ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗီဒီယို ဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများအခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများစိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ပဲခူးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**ပဲခူးတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဗိုလ်မှူးကြီး လှမျိုးရွှေ — ဥက္ကဋ္ဌ
ဝန်ကြီး
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန

(ခ) ဦးတင်ထူးမောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) ရဲမှူးကြီး မျိုးမင်းထိုက် — အဖွဲ့ဝင်
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး

(ဃ) ဦးအောင်စိုးနိုင် — အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(င) ဦးစိုးစိုး — အဖွဲ့ဝင်
တိုင်းဒေသကြီးမန်နေဂျာ
တိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(စ) ဦးအောင်မြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(ဆ) ဦးအုန်းသန်း — အဖွဲ့ဝင်
တိုင်းဒေသကြီးဥပဒေအရာရှိ
တိုင်းဒေသကြီးဥပဒေရုံး

(ဇ) ဦးအောင်မြင့်သန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
တိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့

(ဈ) ဦးစိုးပိုင် — အတွင်းရေးမှူး
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

**(ဝန်ကြီးရုံး)**

၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

အမှတ် ၈၅ ။ ။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၇) ၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးအောင်လှိုင်ဝင်း အား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

အမှတ် ၈၆ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗီဒီယို ဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရ လည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများအခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးမျိုးအောင်ငွေး — ဥက္ကဋ္ဌ
တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ရဲမှူးကြီး မျိုးဆွေ — အဖွဲ့ဝင်
ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့

(ဂ) ဦးအောင်ကျော်တင့် — အဖွဲ့ဝင်
တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး
ပြည်တွင်းအခွန်များဦးစီးဌာန

(ဃ) ဦးခင်မောင်ဝင်း — အဖွဲ့ဝင်
တိုင်းဒေသကြီးမန်နေဂျာ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(င) ဦးဝင်းတင် — အဖွဲ့ဝင်
တိုင်းဒေသကြီးဥပဒေအရာရှိ
တိုင်းဒေသကြီးဥပဒေချုပ်ရုံး

(စ) ဦးမြင့်ဆွေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

(ဆ) ဦးဘုန်းမော် — အဖွဲ့ဝင်
အတွင်းရေးမှူး
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

(၉) ဦးအောင်နိုင်ဦး　　　　　　　　　　　အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး
ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

အမှတ် ၈၇ ။ ။ ဤဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၄) ဖြင့် ဖွဲ့စည်းခဲ့သည့် ကယားပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဆန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန **အစား** ဦးတင်မောင်စိုး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်
(၂၀၁၇ ခုနှစ်၊ ဧပြီလ ၅ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ချောက်မြို့နယ် အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၂၇၉) ဧကရှိသောနယ်မြေကို "စွယ်ပေါက်ကုံးကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ (၂၀၁၇ ခုနှစ်၊ ဧပြီလ ၅ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

### ၁။　နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ သံဘိုချောင်းနှင့် ကျွဲတပ်ချောင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း (P-287168) မှစ၍ ကျွဲတပ်ချောင်းအတိုင်း အရှေ့တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ကျွဲတပ်ချောင်းသို့စီးဝင်သော မြောင်လက်တက်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (P-293163) အထိ။

အရှေ့ဘက် ။ ။ ထိုမှ ကျွဲတပ်ချောင်းအတိုင်း တောင်ဘက်သို့ သံဘိုရွာနှင့် မကျီးကန်ရွာသွားလှည်းလမ်း အားဖြတ်၍ (၁) မိုင် (၅) ဖာလုံခန့်လာရာ ကျွဲတပ်ချောင်းသို့စီးဝင်သော ကုလားရိုးချောင်းလက်တက်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (P-294134) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ကုလားရိုးချောင်းလက်တက်အတိုင်း (၂) ဖာလုံခန့်လာရာ မြောင်လက်တက်ထိပ် ခန့်မှန်းမြေပုံညွှန်း (P-290131) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ စွယ်ပေါက်ကုံးရွာနှင့်လင်းတကိုင်းရွာသွား လှည်းလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (P-285130) အထိ၊ ထိုမှ အဆိုပါ လှည်းလမ်းအတိုင်း အရှေ့တောင်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-286119) အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ သံဘိုချောင်းသို့စီးဝင်သော မြောင်ထိပ် ခန့်မှန်းမြေပုံညွှန်း (P-284118) အထိ၊ ထိုမှ အနောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ သံဘိုချောင်းအနီး ခန့်မှန်းမြေပုံညွှန်း (P-280119) အထိ၊ ထိုမှ သံဘိုချောင်းအားဖြတ်၍ အနောက်မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-276121) အထိ။

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ သံဘိုချောင်းသို့ စီးဝင်သော မြောင်လက်တက်ကိုဖြတ်၍ ခန့်မှန်းမြေပုံညွှန်း (P-273129) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-275137) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-277139) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မကျီးကန်ရွာနှင့် သံဘိုရွာသွား လှည်းလမ်းကိုဖြတ်၍ (၄) ဖာလုံခန့်လာရာ သံဘိုရွာနှင့်သစ်လှရွာသွား လှည်းလမ်းအနီး ခန့်မှန်းမြေပုံညွှန်း (P-275147) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-277153) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၂) ဖာလုံခန့်လာရာ သံဘိုချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (P-282154) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ သံဘိုချောင်းအတိုင်း (၆) ဖာလုံခွဲခန့်လာရာ မူလစတင်သည့်နေရာ သံဘိုချောင်းနှင့် ကျွဲတပ်ချောင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း (P-287168) အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၇)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၈၀၀၀) ဧကရှိသောနယ်မြေကို **"ဆေးပင်ကြီးကြိုးပြင်ကာကွယ်တော"** အဖြစ် ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ (၂၀၁၇ ခုနှစ်၊ ဧပြီလ ၅ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ဖလံကိုင်းရွာအနီး ခန့်မှန်းမြေပုံညွှန်း (PJ-၉၀၀၂၂၈) မှ အရှေ့မြောက်ဘက်သို့၊ ဖလံကိုင်း-ကံသစ်ရွာ ကားလမ်းအတိုင်း (၃) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၃၆၂၅၆) အထိ။

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ ကံသစ်-သရက်ပင်ချောင်သွား လှည်းလမ်းအတိုင်း (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၆၀၂၄၀) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ သရက်ပင်ချောင်-ကမ္ဘားဖြူသွား လှည်းလမ်းအတိုင်း (၂) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၇၈၂၁၀) အထိ၊ ထိုမှ ရေပြာချောင်းအတိုင်း (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၇၄၂၀၃) အထိ၊ ထိုမှ လှည်းလမ်းအတိုင်း အရှေ့တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၉၅၁၉၇) အထိ၊ ထိုမှ ကမ္ဘားဖြူ-ရွာသစ်စုလမ်းအတိုင်း (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၉၇၁၈၇) အထိ၊ ထိုမှ

ရေပြာချောင်းအတိုင်း အနောက်တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၇၅၁၇၄) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂) ဖာလုံခန့်ဆန်တက်လာရာ ရွာသစ်ကုန်း-ကမ်းပျံသွားလှည်းလမ်း ခန့်မှန်းမြေပုံညွှန်း (PJ-၉၈၄၁၇၀) အထိ၊ ထိုမှ တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၈၁၁၄၈) အထိ၊ ထိုမှ ကျောက်လုံးချောင်းအားဖြတ်၍ အရှေ့တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ ကျောက်လုံး-ကမ်းပျံသွားလှည်းလမ်း ခန့်မှန်းမြေပုံညွှန်း (PJ-၉၉၃၁၄၂) အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ ကျောက်လုံး-ကမ်းပျံသွားလှည်းလမ်းအတိုင်း (၂) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၅၉၁၂၅) အထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ (၁) မိုင်ခန့်လာရာ ကျောက်လုံးချောင်းနှင့် ရေပြာချောင်းဆုံရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၄၃၁၃၄) အထိ၊ ထိုမှ ရေပြာချောင်းအတိုင်း (၃) ဖာလုံခန့်စုန်ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၃၇၁၃၂) အထိ၊ ထိုမှ ရွာသစ်စု-ကမ်းပျံသွား လှည်းလမ်းနှင့် ချောင်းချောက်ရိုးတို့အားဖြတ်၍ အနောက်ဘက်သို့ (၂) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PJ-၉၀၅၁၃၉) အထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၂) ဖာလုံခန့်လာရာ ကမ်းပျံရွာနှင့် ဖလံကိုင်းရွာသွား ရေနံမြေကားလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PJ-၉၀၄၁၃၄) အထိ။

အနောက်ဘက်။ ။ ထိုမှ ကမ်းပျံရွာနှင့်ဖလံကိုင်းရွာသွား ရေနံမြေကားလမ်းအတိုင်း မြောက်ဘက်သို့ (၅) မိုင်ခန့်လာရာ မူလအစ ဖလံကိုင်းရွာအနီး ခန့်မှန်းမြေပုံညွှန်း (PJ-၉၀၀၂၂၈) အထိ။

## ၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

# (ပြည်ထောင်စုဝန်ကြီးရုံး)
# အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၇)
# ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၈၁၆၀) ဧကရှိသော နယ်မြေကို “ကျွဲတံခါးကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၁၇ ခုနှစ်၊ ဧပြီလ ၅ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

## ၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ တောင်ကုန်းအမြင့် (၁၂၄၈) ပေ၊ ခန့်မှန်းမြေပုံညွှန်း (T-၆၀၁၆၅၄) မှအစပြု၍ ရေဝေခင်ကြောအတိုင်း အရှေ့မြောက်ဘက်သို့ (၃) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၃၆၆၉၅) အထိ၊ ထိုမှ ရေခါးချောင်းကိုဖြတ်၍ တောင်ဘက်သို့ (၃) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၃၇၆၄၀) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၄၂၆၄၄) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၄၄၆၄၀) အထိ၊ ထိုမှ အရှေ့စူးစူးသို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၆၄၆၄၂) အထိ၊

ထိုမှ ကြီးအုံ-ကြီးဝကားလမ်းအတိုင်း အရှေ့ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၈၇၆၄၀) အထိ၊ ထိုမှ ပုသိမ်-မုံရွာကားလမ်းအတိုင်း တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၈၄၆၁၈) အထိ၊ ထိုမှ စန်းပက်လက် ချောင်းကိုဖြတ်၍ ရွှေစက်တော်ကြိုးဝိုင်း အနောက်ဘက်နယ်နိမိတ်အတိုင်း (၂) မိုင်ခန့် လာရာ ကျွဲတံခါးကြိုးဝိုင်းနယ်နိမိတ်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (T-၆၇၀၅၉၁) အထိ၊

တောင်ဘက် ॥ ॥ ထိုမှ ရေဝေခင်ကြောအတိုင်း အနောက်တောင်ဘက်သို့ (၂) မိုင်ခန့်လာရာ ကျွဲရွာ ဆိုးမြောင်ပေါက်၊ ခန့်မှန်းမြေပုံညွှန်း (T-၆၄၆၅၇၁) အထိ၊

အနောက်ဘက် ॥ ॥ ထိုမှ ကျွဲတံခါးကြိုးဝိုင်းနယ်နိမိတ်အတိုင်း အနောက်မြောက်ဘက်သို့ (၃) မိုင် (၂) ဖာလုံ ခန့်လာရာ စေတုတ္တရာမြို့နယ်နှင့်ပွင့်ဖြူမြို့နယ် နယ်နိမိတ်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (T-၆၀၈၆၂၆) အထိ၊ ထိုမှ စေတုတ္တရာ - ပွင့်ဖြူမြို့နယ် နယ်နိမိတ်အတိုင်း အနောက် မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (T-၆၀၁၆၅၄) ရောက်သည်အထိ။

**ချန်လှပ်ကွက် (၁) ဧရိယာ (၁၄၈) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ॥ ॥ ရေခါးချောင်း အနောက်ဘက် ခန့်မှန်းမြေပုံညွှန်း (T-၆၃၅၆၈၆) မှ အရှေ့ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၃၉၆၈၆) အထိ၊

အရှေ့ဘက် ॥ ॥ ထိုမှ အနောက်တောင်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၃၄၆၇၉) ရေခါးချောင်းအထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၃၆၆၇၇) အထိ၊ ထိုမှ တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၃၆၆၇၃) အထိ၊ ထိုမှ တောင်ဘက်သို့ (၅) ဖာလုံခန့်လာရာ တောင်ကုန်းအမြင့် (၅၈၃) ရောက်သည့် ခန့်မှန်းမြေပုံညွှန်း (T-၆၃၇၆၆၇) အထိ၊

တောင်ဘက် ॥ ॥ ထိုမှ အနောက်မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၃၁၆၆၉) ရေခါးချောင်းအဆုံးအထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်း မြေပုံညွှန်း (T-၆၂၈၆၇၂) အထိ၊

အနောက်ဘက် ॥ ॥ ထိုမှ အရှေ့မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၂၈၆၇၈) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၃၁၆၈၃) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၂. ၅) ဖာလုံခန့်လာရာ မူလစတင်ရာ ခန့်မှန်း မြေပုံညွှန်း (T-၆၃၅၆၈၆) အထိ။

**ချန်လှပ်ကွက် (၂) ဧရိယာ (၁၈၂) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက် ॥ ॥ ဝက်ကျချောင်း၏ မြောက်ဘက် ခန့်မှန်းမြေပုံညွှန်း (T-၆၅၆၆၃၉) မှ အရှေ့ တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၆၀၆၃၉) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၆၂၆၃၇) အထိ၊

အရှေ့ဘက် ॥ ॥ ထိုမှ ဝက်ကျချောင်းကိုဖြတ်၍ အရှေ့တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်း မြေပုံညွှန်း (T-၆၆၅၆၃၃) အထိ၊

တောင်ဘက် ॥ ॥ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၅၃၆၁၉) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၄၉၆၁၉) အထိ၊

အနောက်ဘက် ॥ ॥ ထိုမှ အရှေ့မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၅၁၆၂၅) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၄) ဖာလုံခွဲခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၅၈၆၃၃) အထိ၊ ထိုမှ ဝက်ကျချောင်းကိုဖြတ်၍ အနောက်မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ မူလစတင်ရာ ခန့်မှန်းမြေပုံညွှန်း (T-၆၅၆၆၃၉) အထိ။

**ချန်လှပ်ကွက် (၃) ဧရိယာ (၁၀၄) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက်　။　။ ဝက်ကျချောင်း၏မြောက်ဘက် ခန့်မှန်းမြေပုံညွှန်း (T-၆၇၃၆၃၈) မှ အရှေ့စူးစူးသို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၈၄၆၃၇) အထိ၊

အရှေ့ဘက်　။　။ ထိုမှ ဝက်ကျချောင်းကိုဖြတ်၍ တောင်ဘက်သို့ (၃) ဖာလုံခွဲခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၈၄၆၃၄) အထိ၊

တောင်ဘက်　။　။ ထိုမှ အနောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၇၄၆၃၄) အထိ၊

အနောက်ဘက် ။　။ ထိုမှ ဝက်ကျချောင်းကိုဖြတ်၍ အနောက်မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ မူလစတင်ရာ ခန့်မှန်းမြေပုံညွှန်း (T-၆၇၃၆၃၈) အထိ။

**ချန်လှပ်ကွက် (၄) ဧရိယာ (၁၁၂) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက်　။　။ ခန့်မှန်းမြေပုံညွှန်း (T-၆၄၂၅၈၉) မှ အရှေ့တောင်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၅၁၅၈၈) အထိ၊

အရှေ့ဘက်　။　။ ထိုမှ အနောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၄၉၅၈၄) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံခွဲခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၅၀၅၈၀) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံခွဲခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၅၄၅၇၉) အထိ၊ ထိုမှ တောင်ဘက်ယွန်းယွန်းသို့ (၂) ဖာလုံခွဲခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၅၃၅၇၄) အထိ၊

တောင်ဘက်　။　။ ထိုမှ အနောက်တောင်ဘက်သို့ (၁) ဖာလုံခွဲခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၅၀၅၇၃) အထိ၊

အနောက်ဘက် ။　။ ထိုမှ မြောက်ဘက်ယွန်းယွန်းသို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၅၀၅၇၇) အထိ၊ ထိုမှ အနောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၄၆၅၇၇) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂) ဖာလုံခွဲခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၄၅၅၈၂) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) ဖာလုံခွဲခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၄၈၅၈၃) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ မူလစတင်ရာ ခန့်မှန်းမြေပုံညွှန်း (T-၆၄၂၅၈၉) အထိ။

**ချန်လှပ်ကွက် (၅) ဧရိယာ (၈၂၄) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက်　။　။ ခန့်မှန်းမြေပုံညွှန်း (T-၆၁၇၆၅၅) မှ အရှေ့ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၂၉၆၅၅) အထိ၊

အရှေ့ဘက်　။　။ ထိုမှ အရှေ့တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၃၈၆၃၅) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၄၂၆၃၃) အထိ၊ ထိုမှ တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၄၂၆၃၀) အထိ၊

တောင်ဘက်　။　။ ထိုမှ အနောက်ဘက်သို့ (၂) ဖာလုံခွဲခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၃၅၆၃၀) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၂၀၆၂၅) အထိ၊ ထိုမှ တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၂၀၆၁၉) အထိ၊ ထိုမှ အနောက်ဘက်သို့ (၁) ဖာလုံခွဲခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၁၇၆၁၉) အထိ၊

အနောက်ဘက် ။　။ ထိုမှ မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၁၇၆၂၆) အထိ၊ ထိုမှ အနောက်ဘက်သို့ (၂) ဖာလုံခွဲခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၁၀၆၂၆) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၅) ဖာလုံခွဲခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၁၅၆၃၇) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁) ဖာလုံခွဲခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၁၇၆၃၇) အထိ၊ ထိုမှ မြောက်ဘက်သို့ ရေခါးချောင်းလက်တက်အတိုင်း (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၆၁၇၆၄၈) ချောင်းခွဆုံအထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ မူလစတင်ရာ ခန့်မှန်းမြေပုံညွှန်း (T-၆၁၇၆၅၅) အထိ။

၃။ **တားမြစ်ချက်များ**

"ကျွဲတံခါးကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) သစ်တောဦးစီးဌာနက သတ်မှတ်ထားသော သစ်ပင်အမျိုးအစားများကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊

(ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ဂ) အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း၊

(ဃ) စိုက်ပျိုးရန်အတွက် မြေကိုတူးဆွခြင်း သို့မဟုတ် ရှင်းလင်းခြင်း၊

(င) ရေတွင် အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊

(စ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း၊

(ဆ) မီးမွှေးခြင်း၊ မီးဖိုခြင်း သို့မဟုတ် မီးသယ်ယူခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| က | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၇)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၇၄၀) ဧကရှိသောနယ်မြေကို "နတ်ကန်ဦးကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် (၂၀၁၇ ခုနှစ်၊ ဧပြီလ ၅ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ တွင်းကုန်း-သစ်ဖြူပင်သွား လမ်းတောင်ဘက် (၁) ဖာလုံခွဲခန့်အကွာ ခန့်မှန်းမြေပုံညွှန်း U - ၂၁၁၈၆၉ မှအစပြု၍ ပင်းချောင်းတောင်ဘက် လက်တက်ဖျားများဖြတ်၍ အရှေ့မြောက်ဘက်သို့ ဖောင်းကွဲချောင်း ချောင်းအနောက်ဘက်ကမ်းရှိ ခန့်မှန်းမြေပုံညွှန်း U - ၂၃၄၈၇၅ ရောက်သည်အထိ။

အရှေ့ဘက် ။ ထိုမှ ဖောင်းကွဲချောင်းဘေးရှိ ယာမြေများကို ချန်လှပ်၍ ချောင်းလက်တက်များကိုဖြတ်ပြီး အရှေ့တောင်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ အုတ်ရှစ်ကုန်း-ညောင်လှသွား လှည်းလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း U - ၂၄၆၈၅၃ ရောက်သည်အထိ၊ ထိုမှ လှည်းလမ်းအတိုင်း အရှေ့မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ဖောင်းကွဲချောင်းအနောက်ဘက်ကမ်းရှိ ခန့်မှန်းမြေပုံညွှန်း U - ၂၅၁၈၅၈ ရောက်သည်အထိ၊ ထိုမှ ဖောင်းကွဲချောင်းကိုဖြတ်၍ အရှေ့တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း U - ၂၅၅၈၅၃ ရောက်သည်အထိ။

တောင်ဘက် ။ ထိုမှ ဖောင်းကွဲချောင်းလက်တက်နှစ်ခုကြား ရေဝေခင်ကြောအတိုင်း အနောက်တောင်ဘက်သို့ (၁) မိုင် (၇) ဖာလုံခန့်လာရာ တောင်ဘက်ချောင်း လက်တက်ဖျား ရေဝေခင်ကြောထိပ် ခန့်မှန်းမြေပုံညွှန်း U - ၂၂၉၈၃၆ ရောက်သည်အထိ။

အနောက်ဘက် ။ ထိုမှ တောင်ဘက်ချောင်းလက်တက်ဖျားများကိုဖြတ်၍ အနောက်မြောက်ဘက်သို့ (၂) မိုင် (၁) ဖာလုံခန့်လာရာ မူလစတင်သည့်နေရာ တွင်းကုန်း - သစ်ဖြူပင်သွား လမ်းတောင်ဘက် (၁) ဖာလုံခွဲခန့်အကွာ ခန့်မှန်းမြေပုံညွှန်း U - ၂၁၁၈၆၉ ရောက်သည်အထိ။

၃။ **တားမြစ်ချက်များ**

"နတ်ကန်ဦးကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) သစ်တောဦးစီးဌာနက သတ်မှတ်ထားသော သစ်ပင်အမျိုးအစားများကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ ထစ်မှတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီး သို့မဟုတ် အခြားနည်းဖြင့် ပျက်စီးစေခြင်း၊

(ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ဂ) အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း၊

(ဃ) စိုက်ပျိုးရန်အတွက် မြေကိုတူးဆွခြင်း သို့မဟုတ် ရှင်းလင်းခြင်း၊

(င) ရေတွင် အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊

(စ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း၊

(ဆ) မီးမွှေးခြင်း၊ မီးဖိုခြင်း သို့မဟုတ် မီးသယ်ယူခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| က | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

(ပုံ) အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၇-၂၀၁၈)**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၁၅ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ မေလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၀/၂၀၁၇ အရ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုလွင် အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၇-၂၀၁၈)

၂၀၁၇ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇-၂၀၁၈) ၏ သဘောတူညီချက်အရ စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ တစ်ဆင့်မြင့် ရာထူးနေရာအသီးသီးသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (၁) | ဒေါ်သိန်းဝင်း | ဒုတိယအထွေထွေမန်နေဂျာ (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) အရည်အသွေးထိန်းသိမ်းရေး ဌာန အမှတ် (၂) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) | အထွေထွေမန်နေဂျာ (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) အရည်အသွေးထိန်းသိမ်းရေး ဌာန အမှတ် (၂) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) |
| (၂) | ဦးနေလင်းထွန်း | မန်နေဂျာ (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) စီမံရေးဌာန အမှတ် (၂) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) | လက်ထောက်အထွေထွေ မန်နေဂျာ (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) စီမံရေးဌာန အမှတ် (၂) အကြီးစားစက်မှု လုပ်ငန်း (ရုံးချုပ်) |

ခင်မောင်ချို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၇

၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၉ ရက်)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အောက်ပါ လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦးအား ၂၀၁၇ ခုနှစ်၊ မေလ ၅ ရက်နေ့မှစတင်၍ ယင်းဌာနတွင် လစ်လပ်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးသို့ တိုးမြှင့် ခန့်ထားလိုက်သည် -

(က) ဦးတင့်ဆန်း ၁၄/ပသန (နိုင်) ဝ၆၁၁၂၇

(ခ) ဦးနိုင်ဦး ၁၂/လကန (နိုင်) ဝ၂၈၆၉၆

(ပုံ) ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၁၅ ရက်)

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီသည် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ ၁၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ဦးအေးမောင်စိန် — ဥက္ကဋ္ဌ
ကောင်စီဝင် နေပြည်တော်ကောင်စီ

(ခ) ဒေါ်မိမိဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) ယာယီရဲမှူးကြီး လေးစိုး — အဖွဲ့ဝင်
ဒု-တပ်ဖွဲ့မှူး
နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံး

(ဃ) ဦးမောင်မောင်စံ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဒုတိယဌာနမှူး)
နေပြည်တော် စည်ပင်သာယာရေးကော်မတီ

(င) ဦးဟိန်းဇော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

(စ) ဒေါက်တာခင်ဇော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(ဆ) ဒေါက်တာထွန်းဇော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

(ဇ) ဦးစိုးဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နေပြည်တော် ပညာရေးမှူးရုံး

(ဈ) ဒေါက်တာကျော်ကျော်လင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(ည) ဦးတင်ဦးကြိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန

(ရ) ဦးကပ်တလွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ဒက္ခိဏခရိုင်ဥပဒေရုံး

(ဌ) ဦးကျော်နိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဍ) ဦးအောင်နိုင်ဦး — အဖွဲ့ဝင်
စားသုံးသူကိုယ်စားလှယ်

(ဎ) ဦးအောင်မျိုးထွန်း — အဖွဲ့ဝင်
စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်

(ဏ) ဦးစောမြင့်ကို — အဖွဲ့ဝင်
ဥပဒေပညာရှင်

(တ) ဒေါက်တာကောင်းသော် — အဖွဲ့ဝင်
ကျွမ်းကျင်ပညာရှင် (ဦးစီးအရာရှိ)
နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(ထ) ဦးစိုးအောင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
စားသုံးသူရေးရာဦးစီးဌာန

(ပုံ) ဒေါက်တာသန်းမြင့်
ဥက္ကဋ္ဌ
စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇၃/၂၀၁၇)

၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၁၅ ရက်)

၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၇) မှ သဘောတူညီချက်အရ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်အား အရာထမ်းရာထူး (၁၀၃) နေရာ၊ အမှုထမ်းရာထူး (၃၇၂) နေရာ၊ စုစုပေါင်းရာထူး (၄၇၅) နေရာဖြင့် ဖွဲ့စည်းထားရှိရာမှ အရာထမ်းရာထူး (၁၂၈) နေရာ၊ အမှုထမ်းရာထူး (၉၇) နေရာ၊ စုစုပေါင်းရာထူး (၂၂၅) နေရာ ထပ်မံတိုးချဲ့၍ အရာထမ်းရာထူး (၂၃၁) နေရာ၊ အမှုထမ်းရာထူး (၄၆၉) နေရာ၊ စုစုပေါင်းရာထူး (၇၀၀) နေရာဖြင့် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇၄/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက်)

ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့်ရောင်းချခြင်းများဆောင်ရွက်

နိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တွင် ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း ကြီးကြပ်ဆောင်ရွက်နိုင်ရန် တင်ဒါကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့အား အောက်ဖော်ပြပါ အတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

**တင်ဒါကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးဝင်းမော်ထွန်း | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုဝန်ကြီးရုံး | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာသိန်းဝင်း | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါက်တာဝင်းထွန်း | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါက်တာအောင်နိုင်စိုး | ခေတ္တညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးမျိုးညွန့် | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါက်တာဇော်မြင့် | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသား<br>ဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒေါက်တာခိုင်မြဲ | ညွှန်ကြားရေးမှူးချုပ်<br>ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | | ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (ပညာရေး) | အဖွဲ့ဝင် |
| (၉) | ဒေါက်တာအေးမြင့် | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဦးဝင်းခိုင်မိုး | ညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာခင်မောင်လတ် | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒေါက်တာစိုင်းကျော်နိုင်ဦး | ညွှန်ကြားရေးမှူးချုပ် (တာဝန်)<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန) | အဖွဲ့ဝင် |
| (၁၃) | ဦးကျော်ဝင်း | ဒုတိယအမြဲတမ်းအတွင်းဝန် (ပညာရေး) | အတွင်းရေးမှူး (၁) |
| (၁၄) | ဒေါက်တာစည်သူကျော် | ဒုတိယအမြဲတမ်းအတွင်းဝန် (သိပ္ပံနှင့်နည်းပညာ) | အတွင်းရေးမှူး (၂) |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | | သက်ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒေါ်မာလာ | ညွှန်ကြားရေးမှူး<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၃) ဒေါ်မြင့်ဝင်း | ညွှန်ကြားရေးမှူး<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) ဒေါ်သင်းသင်းအေး | ညွှန်ကြားရေးမှူး<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) ဒေါက်တာကျော်မိုးလွင် | ညွှန်ကြားရေးမှူး<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၆) ဦးသိန်းဆောင် | ညွှန်ကြားရေးမှူး<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (ပညာရေး) | အဖွဲ့ဝင် |
| (၇) ဒေါက်တာမိုးကျော်သူ | ညွှန်ကြားရေးမှူး<br>နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) ဒေါက်တာနေမင်းထွန်း | ညွှန်ကြားရေးမှူး<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) ဒေါ်ခင်ခင်ကြီး | ညွှန်ကြားရေးမှူး (ဘဏ္ဍာ) (ပညာရေး) | အဖွဲ့ဝင် |
| (၁၀) ဒေါ်မာမာချို | ညွှန်ကြားရေးမှူး (ဘဏ္ဍာ) (သိပ္ပံနှင့်နည်းပညာ) | အဖွဲ့ဝင် |
| (၁၁) | သက်ဆိုင်ရာဌာန၏<br>ဒုတိယညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |
| (၁၂) | သက်ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူး(စီမံ) | တွဲဖက်အတွင်းရေးမှူး |

**ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | သက်ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
